# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


### မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 August 2025 ၁၁၉၁၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

## တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်



**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ သာသနဗိမာန်တော်ရှိ ဦးဩဘာသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ၆ ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာ ချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ၆ ဘာသာဂုဏ်ထူးရှင် မဟန်နွယ်မိုးဇင်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

**ယနေ့ ဖတ်စရာ**

### အမျိုးသားအကျိုးစီးပွားအလေးထား၍

ဆောင်းပါး စာမျက်နှာ » ၁၀

### မသန်စွမ်း သက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ ခေါ်ယူခြင်း

စာမျက်နှာ » ၁၂

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



စာမျက်နှာ » ၁၁

ကြေးမုံ

# ပါတီစုံဒီမိုကရေစီခရီးလမ်းလျှောက်လှမ်း ရွေးကောက်ပွဲအောင်မြင်ရေးတွင်ပါဝင်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဩဂုတ်လ ၁၈ ရက်နေ့က မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် "တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန်အတွက် သဘောတူညီမှုရှိပြီးဖြစ်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အဆင့်ဆင့်ဆောင်ရွက်လာခဲ့ရာ ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၅၅/၂၀၂၅)ထုတ်ပြန်၍ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည်။ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်ပါက တစ်ကြိမ်တည်းကျင်းပပြုလုပ်ရန်ဟု ဖော်ပြပါရှိသည်။ သို့သော် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှုမရှိသေးပေ။ အလားတူ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မဲဆန္ဒရှင်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတွင် တည်ငြိမ်အေးချမ်းမှုမရှိသည့် ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲများကို အပိုင်းလိုက်ကျင်းပခဲ့သည်ဟု သိရသည်။ ထို့ကြောင့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ရွေးကောက်ပွဲပြုလုပ်ချိန်တွင် လုံခြုံရေးနှင့် မဲမသမာမှုများ မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး တို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲများတွင် မှန်ကန်တိကျမှုနှင့် မသမာမှုကင်းရှင်းရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့် မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင်လည်း MEVM စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများကျင်းပချိန်တွင် မဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေးကြရန်လိုသည်။ ဆန္ဒမဲပေးကြရာတွင် ဒေသနှင့် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်သွားကြရန်လိုသည်။

ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရန်အတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP– Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဟု သိရသည်။ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ပေါ်ထွက်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်၍ တရားမျှတသည့် သိက္ခာရှိသောရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ အဆင့်အလိုက် အောင်မြင်ဖြစ်ထွန်းအောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ တိုင်းရင်းသားပြည်သူလူထုအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## လျှော့ချင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၁၉ ရက်အထိ သေဆုံးသူ ၃၇၇၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၁၉- ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ – ၈ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၃၀၀ | ၂,၃၂၈ | ၁၆,၈၅၁,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၈၂၁ | ၂,၅၈၇,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၁ | ၁၆၁,၇၀၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၁,၈၄၀ | ၃,၆၇၃,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၅၅၁ | ၁,၄၃၂,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၈၃၅ | ၁,၄၀၉,၅၀၀ |
| AMATA | ၃,၄၀၀ | ၃,၄၀၀ | ၁၀၀ | ၃၄၀,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၃ | ၄၂,၂၅၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၂၃၀ | ၆၅၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး – ဦးအေဝမ်းစိုး
စာတည်းများ – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

○ ရှေ့ဖုံးမှ

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိကသီးနှံများအား ပန်းတိုင်အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဝါစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ မြို့နယ်အလိုက် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်းဘူးခရိုင်အတွင်း စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌအနေဖြင့် မင်းဘူးမြို့တွင် သောက်သုံးရေများ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်ပေးမှု၊ ဘိုးဘွားရိပ်သာ ပြုပြင်ဆောင်ရွက်ပေးမှုနှင့် မင်းဘူးမြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်လှူဒါန်းပေးခဲ့မှု၊ လမ်းများပြုပြင်ဆောင်ရွက်ပေးခဲ့မှုများအပေါ် မြို့သူမြို့သားများ ကိုယ်စား ကျေးဇူးတင်ရှိမှု၊ မင်းဘူးမြို့၌ ကောလိပ်တစ်ခု တည်ဆောက်ပေးစေလိုမှု၊ မြစ်ရေတင်လုပ်ငန်းအတွက် အရန်စက်တစ်လုံး ထားရှိပေးစေလိုမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများရရှိသဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်းတို့က မင်းဘူးဒေသနှင့် ကိုက်ညီသည့် စပါးမျိုးကို စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး ဝန်ကြီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိကာ အထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးများ စိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီးအစိုးရနှင့် စိုက်ပျိုးရေးတောင်သူများက ဆောင်ရွက်သွားရန် လိုအပ်မှု၊ မင်းဘူးဒေသအတွင်း ပန်းတိုင်အထွက်နှုန်း ကောင်းမွန်လျက်ရှိပြီး ဆက်လက်၍တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုမှု၊ မင်းဘူးဒေသတွင် စပျစ်စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဈေးကွက်လိုအပ်ချက်များအပေါ်မူတည်၍ ပိုမိုတိုးချဲ့စိုက်ပျိုးသွားနိုင်ရန် လိုအပ်မှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်သွားစေလိုမှု၊ ဒေသအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးနိုင်ရေးစီမံချက်များချမှတ် ဆောင်ရွက်ပေးလျက်ရှိမှု၊ သဲကန္တာရမဖြစ်ပေါ်စေရေး စိမ်းလန်းစိုပြည်ရေးအလေးထားဆောင်ရွက်သွားရန်လိုအပ်မှု၊ မင်းဘူးခရိုင်အတွင်း ဝါးကိုအခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုနှင့် စက်ပစ္စည်းများ ရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ကမ်းနီမြစ်ရေတင်စီမံကိန်းအား နေရောင်ခြည်စွမ်းအင်ဖြင့် ဆောင်ရွက်လျက်ရှိမှုနှင့် အရန်ရေတင်စက် အသင့်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များတွင် မင်းဘူးကားလမ်းတိုးချဲ့ပေးရေး၊ တက္ကသိုလ်ကောလိပ်များ တိုးချဲ့တည်ဆောက်ပေးရေးကို တင်ပြခဲ့ကြကြောင်း၊ တက္ကသိုလ်ကောလိပ်များကို ဖွင့်လှစ်ရန်အတွက် ခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများကို တွက်ချက်ကြည့်ရန်လိုကြောင်း၊ မင်းဘူးဒေသတွင် တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးစီးသည့်သူများအတွက် Polytechnic ကျောင်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်းများတွင် တက်ရောက်ကြသူများ နည်းပါးသည်ကိုတွေ့ရကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး၌ အဆင့်မြင့် ပညာကျောင်းများဖွင့်လှစ်ရန်ရည်ရွယ်ချက်ရှိပြီးဖြစ်ကြောင်း၊ အချို့တက္ကသိုလ်နှင့် ကောလိပ်များ၌ ကျောင်းတက်ရောက်သူများနည်းပါးလျက်ရှိသည်ကိုတွေ့ရကြောင်း၊ Polytechnic တက္ကသိုလ်များကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကွန်ပျူတာ၊ နည်းပညာနှင့်အခြားသင်ကြား၍ရသည့် ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

လမ်းများတိုးချဲ့ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်းဖြစ်စေရေး သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာ၌ အိမ်ဆိုင်များဆောက်လုပ်ရောင်းချလျက်ရှိမှုကြောင့် သွားလာမှုအတွက် အနှောင့်အယှက်များဖြစ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ထားသည့် အိမ်ဆိုင်များနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မင်းဘူးမြို့သည် သမိုင်းအစဉ်အလာများရှိခဲ့သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ အကျော်အမော်များ၊ ယဉ်ကျေးမှုအမွေအနှစ်များရှိခဲ့သည့် မြို့ဖြစ်ကြောင်း၊ မြန်မာစာပေသမိုင်းတွင် ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်တော်ကြီး ၈ ဘွဲ့ကို နောင်လာနောက်သားတို့ အတုယူရအောင် စကားပြေနှင့် ရေးသားတော်မူခဲ့သည့် ဆရာတော်ဦးဩဘာသသည် မင်းဘူးနယ်သား ထင်ရှားသည့် စာဆိုကျော်တစ်ဦးဖြစ်သည်ကို ဂုဏ်ယူဖွယ် တွေ့ရှိရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့ လွတ်လပ်ရေးသမိုင်းတွင် အသက်ပေးတာဝန်ထမ်းဆောင်သွားခဲ့သည့် အာဇာနည် ၉ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည့် အတွင်းဝန် ဦးအုန်းမောင်သည်လည်း မင်းဘူးမြို့သားတစ်ဦးဖြစ်သည်ကို သိရှိကြပြီးဖြစ်ကြောင်း။

ယခုအခါ မင်းဘူးဒေသသည် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပြီး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများတိုးတက်ရန်လိုကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်ကုန်များပိုမိုတိုးတက်ရရှိရေး တစ်ဧက ပန်းတိုင်အထွက်နှုန်းအတိုင်းရရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်မှ ဝင်ရောက်ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်းများသည် ဒေသတိုးတက်ရေးအတွက် လက်တွေ့ကျသည့်၊ ဖြစ်နိုင်သည့် ကိစ္စရပ်များကို ကြိုတင်တွေးခေါ်မြော်မြင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသအကျိုးအတွက် အမှန်တကယ် ချစ်မြတ်နိုးသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်သည့်သူဖြစ်ရန်လိုကြောင်း။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များအလိုက် အဆင့်ဆင့်အုပ်ချုပ်ကြရပြီး သက်ဆိုင်ရာအဆင့်အလိုက် လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့် မူဝါဒများအတိုင်း လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ဒေသအတွက် အမှန်တကယ် အကျိုးရှိမည်ဆိုပါက အဆင့်ဆင့်တင်ပြ၍ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထက်ဝက်ကျော်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဒေသ၏ အကြောင်းအရာများကို သိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးကြရန်လိုကြောင်း။

မင်းဘူးခရိုင်အနေဖြင့် ဆန်ဖူလုံမှုရှိသော်လည်း စေတုတ္တရာမြို့နယ်တွင် ဆန်ဖူလုံမှုလျော့နည်းလျက်ရှိကြောင်း၊ ယခုထက်ပိုမိုကောင်းမွန်ပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့် စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူဆန်စက်လုပ်ငန်းများ ကောင်းမွန်နေရန်လည်းလိုကြောင်း၊ ဆန်စက်များမှထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲများဖြင့် တိရစ္ဆာန်အစာများ ပြုလုပ်၍ရကြောင်း၊ ဆီထွက်သီးနှံများမှ နှမ်းဆီ၊ ပဲဆီများ ထုတ်လုပ်နိုင်သဖြင့် တန်ဖိုးရှိသည့် ထုတ်ကုန်များအတွက် ထုတ်လုပ်သွားရန်လိုကြောင်း၊ ဆီစက်များမှထွက်ရှိသည့် နှမ်းဖတ်၊ ပဲဖတ်များဖြင့်လည်း တိရစ္ဆာန်အစာများထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း၌ မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ○

- ❖ **တက္ကသိုလ်ကောလိပ်များကို ဖွင့်လှစ်ရန်အတွက် ခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများကို တွက်ချက်ကြည့်ရန်လို**
- ❖ **မင်းဘူးဒေသတွင် တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရ**
- ❖ **တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးစီးသည့်သူများအတွက် Polytechnic ကျောင်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**

# မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်းကားလမ်း မိုင်တိုင်အမှတ် ၄/၇ မှ ၅/၀ အကြားကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

### တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားရာတွင် နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိမိကိုယ်တိုင်ဦးဆောင်၍ သစ်ပင်များစိုက်ပျိုးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၁၁ ရက်ကလည်း မိတ္ထီလာခရိုင်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်၊ မြို့နယ် ၂၉ မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

### သစ်ပင်များစိုက်ပျိုး

ယနေ့တွင် သစ်မျိုးခုနစ်မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင်ပါဝင်ပြီး ယခုဒေသတွင် အထူးသဖြင့် မိုးရွာသည့်ပုံစံများ မှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန် အတက်အကျများလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့်ယခုဒေသတွင်ရာသီဥတုပူပြင်းသည့်ဒဏ်များ မခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်များမရှိပါက မြေဆီလွှာများ ပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများ နည်းပါးလာကာ ကန္တာရဆူးပင်များဖြင့် ပြည့်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုသို့မဖြစ်ပေါ်စေရန် အတွက် သစ်ပင်များစိုက်ပျိုး၍ ကြိုတင် ကာကွယ်ခြင်းများကို ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှု၊ လှုံ့ဆော်မှု၊ ဝီရိယထားကြိုးပမ်း ဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည် ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း၊ **"သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်း နားခိုနိုင်သည်"**ဟု ပြောကြားကြကြောင်း၊ ကျေးငှက်သာရကာများ လာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသည့်သစ်စေ့များမှ သစ်ပင်များ ထပ်မံပေါက်ရောက်၍ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေကြောင်း။

ယခုဒေသတွင် လျှပ်စစ်ဓာတ်အားရရှိမှု နည်းပါးခြင်းကြောင့် ချက်ပြုတ်ခြင်းများအတွက် လိုအပ်သည့်ထင်းများကို ခုတ်ယူသုံးစွဲကြကြောင်း၊ မိမိတာဝန်ယူ ဆောင်ရွက်ချိန်တွင် ရွာတစ်ရွာတွင် ထင်းစိုက်ခင်း နှစ်ဧကစီ စိုက်ပျိုးရန်အတွက် တိုက်တွန်းပြောကြားထားကြောင်း၊ မင်းဘူးခရိုင်အတွင်း ငါးမြို့နယ်၌ ကျေးရွာပေါင်း ၉၆၃ ရွာရှိကြောင်း၊ တစ်ရွာကို နှစ်ဧကနှုန်းဖြင့် စိုက်ပျိုးသွားမည်ဆိုပါက ဧက ၂၀၀၀ နီးပါး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင်တစ်ခါ

**စာမျက်နှာ ၅ သို့** ☆

○ **မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင်ပါဝင်ပြီး ယခုဒေသတွင် အထူးသဖြင့် မိုးရွာသည့်ပုံစံများမှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်အတက်အကျများလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဒေသတွင် ရာသီဥတုပူပြင်းသည့်ဒဏ်များ မခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်**

---

○ **စာမျက်နှာ ၃ မှ**

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့်အတန်းပညာများရှိစေရေး ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာတတ်များပေါ်များမှသာ အတတ်ပညာများ ပိုမိုတတ်ကျွမ်းလာမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မင်းဘူးခရိုင်သည် ဝါစိုက်ပျိုးသည့် ခရိုင်များတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို စံပြအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ကြက်သွန်များအား ရေရှည်သိုလှောင်အသုံးပြုနိုင်သည့် စည်သွတ်ဘူးများနှင့် အခြားထုတ်ကုန်များကို ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ သိုးများကို မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မင်းဘူးဒေသသည် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိအနေဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးပြောကြားခြင်းဖြစ်ကြောင်း။

မင်းဘူးဒေသတွင် ဝါးများ များစွာထွက်ရှိကြောင်း၊ ဝါးဖြင့်ပြုလုပ်သည့် ကုန်ချောပစ္စည်းများနှင့် စက္ကူများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသတွင် ဝါးကို ပျော့ဖတ်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုအား ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် အကြံပြုပြောကြားလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ယခုအခါတွင်လည်း မင်းဘူးမြို့နယ်မှ တက္ကသိုလ်ဝင်တန်းတွင် ဝင်ရောက်ဖြေဆိုသူ မောင်ဂျူးသက်ကိုသည် သုံးနှစ်ဆက်တိုက် လူရည်ချွန်သုံးထပ်ကွမ်းဖြစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိပြီး မြန်မာတစ်နိုင်ငံလုံးပထမ (The Whole Myanmar First) ရရှိခဲ့သည့်အတွက်လည်း မိမိအနေဖြင့် ဂုဏ်ယူပါကြောင်း၊ အလားတူ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး ဖြစ်သည့် မဟန်နွယ်မိုးဇင်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာကိုလည်း ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အောင်မြင်မှုအသီးအပွင့်များကိုလည်း ဆက်လက်ခံစားကြရပါစေကြောင်း ဆုမွန်တောင်းစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် မြန်မာတစ်နိုင်ငံလုံး ပထမ (The Whole Myanmar First)ရရှိခဲ့သည့် မောင်ဂျူးသက်ကိုနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးဖြစ်သည့် မဟန်နွယ်မိုးဇင်တို့အား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✰ စာမျက်နှာ ၄ မှ
ထပ်မံ စိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များ များစွာ ပေါက်ရောက်နိုင်မည် ဖြစ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အိမ်တစ်အိမ်လျှင် တစ်ပင်စီ စိုက်ပျိုးပါကလည်း မင်းဘူးခရိုင်အတွင်း အိမ်ခြေပေါင်း ၁၇၀၀၀၀ ခန့် ရှိသည့်အတွက် တစ်နှစ်တစ်ခါ စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောပေါက်ရောက်မှု များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခင်ကတည်းက ယခုကဲ့သို့ စိုက်ပျိုးဆောင်ရွက်ခဲ့မည် ဆိုပါက ယခုဒေသတွင် ရာသီဥတုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိတော့သည့်အတွက် ၇ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ သစ်တောဖုံးလွှမ်းမှုအား ၅၀ ရာခိုင်နှုန်းခန့် တိုးတက်စေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း ပျိုးပင်ပေါင်း ၁၆ ဒသမ ၂၇ သန်း စိုက်ပျိုးခဲ့သည်ကို အစီရင်ခံစာအရ သိရှိရကြောင်း၊ ယခုအခါတွင်လည်း အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက်၂၀၂၅-၂၀၂၆ မှ ၂၀၂၉-၂၀၃၀ အထိ ငါးနှစ်စီမံကိန်းတွင် ပျိုးပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက် ထားရှိကြောင်း၊ ထို့ကြောင့် အဆိုပါစိုက်ပျိုးသည့် အပင်များ အောင်မြင်အောင် စိုက်ပျိုး ဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုများကိုလည်း လျော့ပါးလာစေမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဧရိယာ၌ အရိပ်ရ လေကာပင်များ စိုက်ပျိုးသွားရန်နှင့် ငါးဧက၊ ၁၀ ဧက စသည့် သစ်တောငယ်များ တည်ထောင်နိုင်ရန် လမ်းညွှန်မှာကြားထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုမင်းဘူးဒေသမှ ဒေသခံ ပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသ စိမ်းလန်းစိုပြည်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိုးရာသီကာလအတွင်း ရှင်သန်ဖြစ်ထွန်းစေရေး စတင်စိုက်ပျိုးစဉ်ကပင် စနစ်တကျစိုက်ပျိုးရန်နှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းကြသူများအနေဖြင့်လည်း သစ်ပင်များ အမြစ်တွယ်ရှင်သန်စေရန်အတွက် စနစ်တကျဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုစိုက်ပျိုးခဲ့သည့်အကျိုးကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အနာဂတ် မျိုးဆက်သစ်များအတွက် အမွေကောင်းများ ပေးအပ်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ယနေ့သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်းသည် မိမိတို့ဒေသအတွက် ကောင်းမွန်သည့် မင်္ဂလာရှိသည့် အခမ်းအနားတစ်ခု ဖြစ်သည့်အတွက် တက်ရောက်စိုက်ပျိုးကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က တမာပျိုးပင်အား သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒုတိယဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဖျောက်ဆိပ်၊ ပိတောက်၊ ရင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက် စသည့် သစ်မျိုးခြောက်မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျိုးပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



# ကော့သောင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ချောင်းစလန်းကျေးရွာနှင့် ၁၅ မိုင်ကျေးရွာ ကျေးရွာချင်းဆက်လမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ၂၃၈ ဒသမ ၅၄၅ ကျပ်သန်းဖြင့် ချောင်းစလန်း-၁၅ မိုင်လမ်း (၄/၂.၄၁)မိုင်ရှိသည့်အနက် လမ်းမိုင်(၁/၁-၂/၀.၆)ကြား မူလမြေသားလမ်း(၀/၇.၆)မိုင်အား နှစ်လက်မ-လေးလက်မ ခွဲကျောက်ဖြင့် ခြောက်လက်မဒု၊ ၁၄ ပေအကျယ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ ချောင်းစလန်း-၁၅ မိုင်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင်လမှစတင်ဆောင်ရွက်ခဲ့ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှုပါမြင့်(ပြန်/ဆက်)

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချောက်မြို့နှင့် ရေနံချောင်းမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှနှင့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ချောက်မြို့နှင့် ရေနံချောင်းမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ချောက်မြို့ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်မည့်မြေနေရာသို့ရောက်ရှိကြရာ ချောက်ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မြေပြုပြင်ခြင်းနှင့် မြေသားစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စွယ်တော်မြတ် စေတီတော်ကြီးအား စေတီတည်ဆောက်ရာတွင် သတ်မှတ်ထားသည့် အချိုးအစားများအတိုင်း စနစ်တကျ တည်ဆောက်သွားကြရန် နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ချောက်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ရုံး၌ လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ရေနံချောင်းမြို့ စွမ်းအင်ရိပ်သာရှိ ခန်းမ၌ လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ချောက်ခရိုင် အုပ်ချုပ်ရေးမှူးက ချောက်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စွယ်တော်မြတ်စေတီ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ချောက်မြို့သို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့ရှိ ကားကြီးကွင်းမြေနေရာနှင့် ခရီးသွားကားကြီးကွင်းမြေနေရာတို့အား စနစ်တကျဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြှင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြေအောက်ရေထိန်းသိမ်းရေးနှင့် မြို့ရေပေးဝေရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ချောက်မြို့ရှိ မြို့မိမြို့ဖများက ချောက်မြို့ရှိ ပြည်သူ့ဆေးရုံအား အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးစေလိုမှု၊ မိုးလုံလေလုံအားကစားခန်းမ လိုအပ်လျက်ရှိမှု၊ ပူပြင်းခြောက်သွေ့သည့် ချောက်မြို့တွင် ပူပြင်းသည့်ကာလ၌ အပူရှောင်နိုင်သည့် စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်ရန် စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ချောက်မြို့သူ မြို့သားများ အနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ ရေနံမြေဧရိယာအတွင်း ဆောက်လုပ်ထားသည့် နေအိမ်များနှင့် ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ရပ်မိရပ်ဖများက ရေနံချောင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမ လိုအပ်လျက်ရှိမှု၊ ရေနံချောင်းစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ခံတစ်ခု တည်ဆောက်ပေးစေလိုမှုနှင့် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစေလိုမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရေနံမြေဧရိယာအတွင်းရှိ နေအိမ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယာမြေများအား မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာမည် ဖြစ်ကြောင်း၊ ရေနံချောင်း ဒေသအတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိသည့် ရောဝတီမြစ်ကြောင်းအား ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သုတေသနပြု ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ယခုနှစ် မိုးရာသီတွင် မိုးကောင်းစွာ ရွာသွန်းမှုကြောင့် သီးနှံများ စိုက်ပျိုးမှုကို ပိုမိုဖြစ်ထွန်းစေမှု၊ မြစ်ရေတင်လုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ တစ်ဧကပန်းတိုင် အထွက်နှုန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြီးခဲ့သည့် ကာလရောက်ရှိချိန်၌ ချောက်မြို့နယ်အတွင်း အပူဒဏ်ခံစားရမှုကို လျှော့ချနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့လာရောက်ခဲ့ခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်သာယာအေးချမ်းရေးအတွက် **စာမျက်နှာ ၇ သို့** ☆

- ❖ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့” ဆိုသည့် ဆောင်ပုဒ်အတိုင်း ချောက်ဒေသနှင့် ရေနံချောင်းဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းနေထိုင်ကြသူများလည်း မဖြစ်မနေ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧကစိုက်ပျိုးရန် သတ်မှတ်ထားပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန်လို
- ❖ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်များ ထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်

☆ စာမျက်နှာ ၆ မှ

လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိအနေဖြင့် **“နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”၊ “နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေး ကိုအားပေးစို့”၊ “နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း။

နောက်ဆုံးအချက် ဖြစ်သည့် **“နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ချောက်ဒေသနှင့် ရေနံချောင်း ဒေသအတွင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ဆောင်ရွက်နိုင်ရန် အတွက် ဒေသတွင်းနေထိုင်သူ များကလည်း မဖြစ်မနေပါဝင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧကစိုက်ပျိုးရန် သတ်မှတ်ထားပြီး ဆက်လက် တိုးချဲ့စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ် လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည် ဆိုပါက သစ်ပင်များ ထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှုကို များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့သစ်ပင်များစိုက်ပျိုးမှုကြောင့် အရိပ်အာဝါသများ ရရှိနိုင်မည်ဖြစ်ပြီး အပူဒဏ်ကို ထိုက်သင့်သလောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီ မကုန်ဆုံးမီ ကာလအတွင်း ရပ်ကွက်အလိုက်၊ လမ်းအလိုက် သစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြစေလိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်းဆန်ဖူလုံမှုများ ရှိလာမည်ဖြစ်ပြီး အခြားယာမြေများတွင် စိုက်ပျိုးသည့် သီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း ဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း။

ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖူလုံစွာထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသစီးပွားရေး များစွာတိုးတက်လာမည် ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ပစ္စည်းများအား အခြားဒေသသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွက် ဝင်ငွေများ ရရှိစေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။



ချောက်မြို့ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်မည့်မြေနေရာ မြေပြုပြင်ခြင်းနှင့် မြေသားစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တွေ့ရစဉ်။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နေ့စဉ်လူမှုဘဝအတွက် အသိပညာ၊ အတတ်ပညာများ ရှိရန်လိုကြောင်း၊ အတန်းပညာများ တက်မြောက်မှသာ အသိပညာ၊ အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ လေ့လာမှုမှ အသိပညာ အတတ်ပညာကိုရရှိနိုင်သော်လည်း အတန်းပညာကို တတ်မြောက်ထားမည်ဆိုပါက ပိုမိုသိရှိနားလည်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသကဲ့သို့ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ပညာရည်မြင့်မားရေး ဒေသခံများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပညာတတ်များပေါ်များမှသာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာ ကျောင်းများ၌ **“အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့် အတိုင်း ကျောင်းတက်ရောက်မှု အပေါ်မူတည်၍ တစ်ဦးချင်း၏ စိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုများမှာ ကွာခြားသွားကြကြောင်း၊ ဆရာ ဆရာမများသည် ဒုတိယ မိဘများဖြစ်ကြကြောင်း၊ထို့ကြောင့် မိမိတို့သားသမီးများ၏ အနာဂတ်များ ကောင်းမွန်စေရေး ပညာရေး ဆုံးခန်းတိုင်သည်အထိ သင်ကြားပေးကြစေလိုကြောင်း၊ ပညာတတ်များဖြစ်မှသာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူငယ်များအဖြစ် ရောက်ရှိမည်ဖြစ်ပြီး မိမိတို့ဘဝ ရပ်တည်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေး အတွက် ဒေသတွင်း နေထိုင်ကြသူများ အနေဖြင့် အသိစိတ်ရှိရှိဖြင့် ထိန်းသိမ်း ဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ ပထမအသုတ်ကို ခရိုင်မြို့ကြီးများနှင့် နီးစပ်သည့် မြို့များတွင် စတင်ကျင်းပပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မှန်မှန်ကန်ကန်ဖြင့် ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒီမိုကရေစီတွင် အရေးကြီးဆုံးမှာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းပင် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်တွင် အနိုင်ရရှိသည့် အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံ၏အကျိုး၊ ဒေသ၏ အကျိုးအတွက် အမှန်တကယ် ဆောင်ရွက်ပေးနိုင်သူများကိုသာ ရွေးချယ်ကြရန် လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားများ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖူလုံစွာထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသစီးပွားရေး များစွာတိုးတက်လာမည်**

❖ **မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ပစ္စည်းများအား အခြားဒေသသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွက် ဝင်ငွေများ ရရှိစေမည်**

❖ **ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးများစွာ ဖြစ်ထွန်းစေမည်**

## ပင်လောင်းမြို့နယ်၌ ပြည်သူများအား ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

ပင်လောင်း ဩဂုတ် ၁၉

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ်၌ ကျန်းမာရေး ဦးစီးဌာန အထူးကုဆရာဝန်များ နယ်လှည့်ကုသရေး အဖွဲ့က ပင်လောင်းကြီး ကျေးရွာအုပ်စု ပင်လောင်းကြီး အရှေ့ရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီမှ မွန်းလွဲပိုင်းအထိ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



ထိုသို့ ကွင်းဆင်းဆေးကုသမှုများကို ရှမ်းပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင် ဦးဆောင်ကြီးကြပ်မှုဖြင့် ဆေးကုအဖွဲ့များက ပြည်သူများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသရာတွင် သွေးပေါင်ချိန်တိုင်းတာခြင်း၊ ECG စက်ဖြင့် ရောဂါစစ်ဆေးခြင်း၊ ရောဂါများစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပြီး ပင်လောင်းမြို့နှင့် အနီးဝန်းကျင်ရှိ ပြည်သူ ၅၃၆ ဦးက ကျန်းမာရေးစောင့်ရှောက်မှု ခံယူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ်၌ သဘာဝမြေဩဇာ လက်တွေ့ပြုလုပ်သုံးစွဲခြင်း တောင်သူပညာပေး

ကျုံပျော် ဩဂုတ် ၁၉

စပါးခွံကိုအသုံးပြု၍ သဘာဝမြေဩဇာ(စူပါဘိုကာရှီ) လက်တွေ့ပြုလုပ်သုံးစွဲခြင်း တောင်သူပညာပေး အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မန်းစက္ကူကျေးရွာအုပ်စုရှိ တောင်သူဦးမောင်မြင့်၏ လယ်မြေ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် စိုက်တိုးမြင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းဇော်ထိုက်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ တောင်သူပညာပေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက သဘာဝမြေဩဇာ(စူပါဘိုကာရှီ) ပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် စူပါဘိုကာရှီပြုလုပ်ရန် လိုအပ်သည့် ပစ္စည်းများကို ရှင်းလင်းပြသပြီး စူပါဘိုကာရှီမြေဆွေးပြုလုပ်ပုံ အဆင့်ဆင့်ကို အသေးစိတ် လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ **ကျောဖုံးမှ**

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (D)၌ ပါဝင်နေပြီး ဩဂုတ် ၂၀ ရက်တွင် အုပ်စုဒုတိယနေ့အဖြစ် ဂျပန်ကလပ်အသင်းများ ဖြစ်သော တိုကျိုဗာဒီအသင်း၊ အီကိုနိုအသင်းတို့နှင့် နှစ်ပွဲကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိပြီး ဥရောပနာမည်ကြီးကလပ် ဘာစီလိုနာလူငယ်အသင်းအပါအဝင် အသင်းစုစုပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်နေကာ ငါးသင်း ရှစ်အုပ်စုခွဲ၍ ပြုလုပ်နေခြင်းဖြစ်သည်။ အုပ်စုပွဲများအပြီးတွင် အဆင့်သတ်မှတ်ချက်ပွဲများနှင့် ရှုံးထွက်ပွဲများ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **သတင်း – မောင်စံကြီး**

**ဓာတ်ပုံ – MFF**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည့် နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ဩဂုတ် ၁၇ ရက်တွင် ကျင်းပသည့် နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ (The 80th Anniversary of the Traditional Day of the Viet Nam People's Public Security) အခမ်းအနားသို့တက်ရောက်ရန် ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

**သွားရောက်လေ့လာ**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ဟိုချီမင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး H.E. Mr. To Lam နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang နှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဟိုချီမင်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ် အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့( The 80th Anniversary of the Traditional Day of the Viet Nam People's Public Security)အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဗီယက်နမ် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဩဂုတ် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲအကယ်ဒမီသို့ သွားရောက်လေ့လာခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း(သံအမတ်ကြီး-ငြိမ်း) နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးစသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ကူညီစောင့်ရှောက်ရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်ပတ်သက်၍ သတင်းမှန်သိရှိနိုင်ရေးဆိုင်ရာများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) Max Highway ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော (ရန်ကုန်-ပဲခူးလမ်းပိုင်း) လမ်းလယ်ကျွန်းများ လှပသန့်ရှင်းအောင် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော် လက်ဝဲဝင်းဆောင်၊ ဘမယာသန ပလ္လင်ဆောင်၊ လက်ယာဝင်းဆောင်တို့၏ အမိုးရေလုံဆေးသုတ်ခြင်း၊ ရွှေဆေးသုတ်ခြင်းနှင့် မြန်မာမှု ပန်းကနုတ်များ နှစ်ကာလကြာမြင့်မှုကြောင့် ပျက်စီးလာခြင်းကို မူလလက်ရာ မပျက်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံဖြစ်၍ အရည်အသွေးပြည့်မီပြီး လက်ရာ သေသပ် ကောင်းမွန်စေရေး စေတနာထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် လျှင်ဒဏ်ကြောင့် ပျက်စီးသွားသော လမ်းပိုင်းများ၊ တံတားများပြုပြင် ဆောင်ရွက်နေမှု၊ တံတားအတက်၊ အဆင်း ဆင်ခြေလျှော ပြေပြစ်စေရေးဆောင်ရွက်နေမှု၊ ရန်ကုန်-မန္တလေးအမြန်လမ်း လမ်းနယ်အတွင်း ကုက္ကိုပင်၊ အမြဲစိမ်းပင်များနှင့် လေကာပင်များ ထပ်မံစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဘယ်၊ ညာရှိမိုင်တိုင် ပြအမှတ်အသား ကျောက်တိုင်များ မြင်သာအောင် ဆေးသုတ်ရန်နှင့် တိုးဂိတ်ပတ်ဝန်းကျင် သန့်ရှင်းမှု ရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။ **သတင်းစဉ်**

# ပဲခူးမြို့နယ်၌ မြို့ပြရှာဖွေကယ်ဆယ်ရေး (Light USAR Team)အဆင့် လေ့ကျင့်ဖွဲ့စည်းနိုင်ရေး သင်တန်းဖွင့်

ပဲခူး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် မြို့ပြရှာဖွေကယ်ဆယ်ရေး (Light USAR Team) အဆင့် လေ့ကျင့်ဖွဲ့စည်းနိုင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ဆောင်ရွက်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစောထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊မြို့နယ်နှင့် နယ်မြေစခန်းများရှိ အရည်အချင်းပြည့်ဝသော တပ်ဖွဲ့ဝင် ၃၀ တက်ရောက်သင်ကြားကြပြီး သင်တန်းကာလ လေးပတ်ကြာ လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးအောင်**



# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများအား တွေ့ဆုံ

ထားဝယ် ဩဂုတ် ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် တွေ့ဆုံသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားဒေသများတွင် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် ယာယီနေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများကို ပန်းခင်းစီမံချက်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရိုးရာပွဲတော်အခမ်းအနားများ ကျင်းပဆောင်ရွက်မှုအခြေအနေများနှင့် တိုင်းရင်းသားများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် တိုင်းရင်းသားဘာသာသင် TA/ LT ဆရာ ဆရာမများအား ထောက်ပံ့ပေးနိုင်ရေးတို့ကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံးသည် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အေးချမ်းသာယာပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ပညာရေးကိစ္စရပ်များ၊ စာပေနှင့် ယဉ်ကျေးမှုများကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနည်းစနစ်များဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော ပြည်သူ့ရေးရာ အုပ်ချုပ်မှုစနစ်များကို ဖော်ဆောင်ပေးရန်လိုအပ်ကြောင်း လမ်းညွှန်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထားဝယ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသား တိုင်းရင်းသူများက ထားဝယ်ရိုးရာရေအိုးရွက်အကနှင့် ရိုးရာယဉ်ကျေးမှုအကတို့ဖြင့် တင်ဆက်ဖျော်ဖြေကြကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ကြည့်ရှုစစ်ဆေး

ထားဝယ် ဩဂုတ် ၁၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ဆန်းချီရပ်ရှိ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေများကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမှန်ကန်စွာသုံးစွဲရေး၊ ဝန်ထမ်းများသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆောင်ပုဒ်နှင့် ဦးတည်ချက်(၄)ရပ်ကို သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်နှင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်များကို အလေးထားလိုက်နာ ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသားရေးရာကိစ္စရပ်များကို စည်းလုံးညီညွတ်စွာ အားသွန်ခွန်စိုက် ကြိုးစား ဆောင်ရွက်ကြရန် မှာကြားပြီး ရုံးပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ခံများက ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ စာပေဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဩဂုတ် ၁၆ ရက်က အင်းစိန်မြို့နယ်ရှိ အမက(၁၉)နှင့် အလက(၆) အစည်းအဝေးခန်းမများ၌ ကျင်းပသည်။

စာပေဟောပြောပွဲများတွင် အမက(၁၉) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်း၊ အလက(၆)ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟန်သီထွန်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာ၊ သတင်းစာဆရာ (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ စာရေးဆရာရန်မိုးအောင်(အင်းစိန်)နှင့် ကိုဖြိုး(ကဗျာ)တို့က “စာဖတ်ခြင်း၏ဂုဏ်ကျေးဇူး”၊ “လူငယ်နှင့်စာပေ” ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူများအား စာပေဗဟုသုတရဖွယ်ရာများကို စိတ်ဝင်စားဖွယ် ဟောပြောခဲ့ကြသည်။ ဟောပြောပွဲများအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများကို စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများ ပြုလုပ်ပေးကြကာ ဆုရရှိသူများအား ဟောပြောကြသော စာရေးဆရာများနှင့် ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက်အမှုဆောင်အဖွဲ့ အလှူရှင်များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



## တိုက်ကြီးမြို့နယ်၌ Training Course on Database, GIS & Remote Sensing No.5 သင်တန်းဖွင့်

တိုက်ကြီး ဩဂုတ် ၁၉

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဝန်ထမ်းများအား ဌာနလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ လက်တွေ့ အသုံးချနိုင်စေရန် ရည်ရွယ်၍ Training Course on Database, GIS & Remote Sensing No.5 သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းက တိုးတက်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ခေတ်မီမြေတိုင်းကိရိယာများ၊ ခေတ်မီနည်းပညာရပ်များကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်အသုံးချနိုင်စေရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သင်ကြားပို့ချမည်**

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးများ၊ မြေတိုင်းစာရေးများ စုစုပေါင်း ၇၅ ဦး တက်ရောက်ပြီး သင်တန်းကို ရက်သတ္တလေးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားမှ ရယူအပ်ရာ သင်ခန်းစာများ

# အမျိုးသားအကျိုးစီးပွားအလေးထား၍

မြင့်မြတ်

အမေရိကန်နိုင်ငံ သမ္မတကြီးထံ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ယခု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အလျဉ်းသင့်၍ ပါးခဲ့သည့် သဝဏ်လွှာပါ အကြောင်းကြားစာမှ အကြောင်းအရာတစ်ခုနှင့်ပတ်သက်ပြီး စဉ်းစားမိတာလေးရှိလာခဲ့သည်။ မြန်မာနှင့် အမေရိကန်တို့ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များတွင် တူညီစွာကြုံခဲ့ရသော နိုင်ငံရေးဖြစ်စဉ်တစ်ခုနှင့်ပတ်သက်၍ နောက်ဆက်တွဲစဉ်းစားမိခြင်းဖြစ်သည်။ ၂၀၂၀ အမေရိကန်ရွေးကောက်ပွဲမှာ သမ္မတကြီး ဒေါ်နယ်ထရမ့် ကြုံခဲ့ရသလို ကျွန်တော်တို့မြန်မာနိုင်ငံရွေးကောက်ပွဲတွင်လည်း ကြီးမားသည့်မဲမသမာမှု ကြုံခဲ့ရပုံသည် နှိုင်းယှဉ်စရာဖြစ်ခဲ့သည်။

> **တူညီသည်များကို ခဏဖယ်ထားလျှင် မတူသည်က ဘာဖြစ်မလဲ၊ မြန်မာ၌ မကောင်းသည့်အကြောင်းတရားများ ပေါင်းစုံ၍ဖြစ်ခဲ့ရသည့် ကြောင်းကျိုးဆက်နိုင်ငံရေးပဋိပက္ခ၊ အမေရိကန်၌လည်း သူ့အကြောင်းနှင့်သူ ဖြစ်နေသည့် နိုင်ငံရေးပဋိပက္ခ၊ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခ ပေါင်းစုံနှင့်ကပ်ဘေးမျိုးစုံ ပိုကြုံရသည်။ တူတာ၊ မတူတာများရှိသည့်အတွက် ပဋိပက္ခကို ဖြေရှင်းပုံချင်းလည်း တူညီနိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံ အကြီးအကဲများက တွေ့ဆုံညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် အမြဲသွားသည်။ ကိုယ့်နိုင်ငံသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်းဆိုသည်ကို အမြဲ လက်ကိုင်ထားပြီး စစ်မက်ကိုမလိုလား၊ သူအနိုင်၊ ကိုယ်လည်းအနိုင် Win-Win သီအိုရီအတိုင်းဆောင်ရွက်**

### မဲမသမာမှုဖြစ်ခဲ့သည်ချင်းတူ၊ သို့သော် ဖြေရှင်းပုံချင်းမတူ

မှတ်မိကြမည်ထင်သည်။ ထိုအချိန်က ရွေးကောက်ပွဲဖြစ်ရပ်များအတွက် ဖြေရှင်းပေးရန် အာဏာရပါတီနှင့် ရွေးကောက်ပွဲကော်မရှင်ထံ တပ်မတော်နှင့် အခြားပါတီများက အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရပြီး မဲမသမာမှုရလဒ်မှ နိုင်ငံတော်အာဏာကို တရားမဲ့ ရယူရန် ကြိုးစားခဲ့ကြပုံများ၊ ထို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသော တာဝန်အရ နိုင်ငံတော်အာဏာကို လွှဲပြောင်းထမ်းဆောင်ခဲ့ရပုံများ၊ ရွေးကောက်ပွဲကော်မရှင်အသစ် ပြန်လည်ဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စစ်ဆေးသည့်အခါ မဲမသမာမှုဖြစ်နေသော ၁၁ ဒသမ ၃ သန်းသော မဲအရေအတွက်၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ဆိုလျှင် ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း စစ်ဆေးတွေ့ရှိချက်များအရကော ထိုစဉ်က UEC အဖွဲ့ဝင်များ၏ ထွက်ဆိုချက်များအရပါ ထင်ရှားရှင်းလင်းစွာ ထွက်ပေါ်လာခဲ့သည်ကို အမှတ်ရကြဦးမည်ထင်သည်။

**ပေးချင်သည့်သတင်းစကားက ဘာဖြစ်မလဲ။ မဲမသမာမှုဖြစ်တာချင်းတူသော်လည်း တစ်ကမ္ဘာလုံး၏ ဒီမိုကရေစီစံပြ၊ ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးတွင်ဖြစ်ခဲ့သည်နှင့် ထွန်းသစ်စ မရင့်ကျက်သေးသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ဖြစ်တာချင်း ကွာခြားပုံကို သွားတွေ့ရသည်။ ပြဿနာကို ဖြေရှင်းပုံချင်းလည်းမတူ၊ မတူသည့်ဖြေရှင်းပုံမှ နောက်ဆက်တွဲသက်ရောက်မှုချင်းလည်း ကွာဟသွားသည်။ ပညာနည်းမှုနှင့် ပညာရှင်ဆန်ပုံ၊ ရင့်ကျက်မှုချင်းကွာခြားပုံ၊ ကွာခြားချက်များကို လေ့လာမိသည်။ ထိုပြဿနာကို ရွေးကောက်ပွဲအပြီး ဘယ်လိုဖြေရှင်းခဲ့ကြသလဲ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် စားပွဲဝိုင်းတွင် အဖြေရှာရန် တစ်ဖက်က ကြိုးစားခဲ့သော်လည်း အခြားတစ်ဖက်က ငြင်းပယ်ခဲ့သည့်အခါ နောက်ဆက်တွဲဆိုးကျိုးများက အားလုံးမြင်သည့်အတိုင်း ခံစားနေကြရသည်။ ဤသည်က အမေရိကန်နှင့် မြန်မာနိုင်ငံတို့အကြား ကွာခြားသွားချက်ပင်။**

### အာဃာတ မပြေနိုင်သေး

အမေရိကန်နိုင်ငံရေးကိုကြည့်လျှင် ထိုသို့ အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိသည်။ မတူသည်များရှိသလို တူညီသည်လည်း ရှိသည်။ တူသည်တို့လာပါမည်။ ဘာများ တူညီကြသလဲဆိုလျှင် အတိတ်က သမ္မတလက်မဲ့ဘဝ ဒေါ်နယ်ထရမ့်နှင့် ယခုလက်ရှိသမ္မတဘဝ၊ သမ္မတထရမ့် နှစ်ဆက်မှာ ဖြစ်နေသည်များကို လေ့လာကြည့်ရန် လိုသည်။ နောက်ပိုင်းတောက်လျှောက် အမေရိကန် နိုင်ငံရေးတွင် ပုဂ္ဂိုလ်ရေးမုန်းတီးမှုများ၊ အာဃာတများ တွေ့လာရသည်။ နောက်ဆုံးပါတီတစ်ခုနှင့် တစ်ခု အပြတ်ရှင်းကြရန်ပင် တာစူနေကြသည်ကို တွေ့ရသည်။ ဒီမိုကရက်က Jeffery Epstein လက်နက်ကိုခင်းပြီး ရီပတ်ဘလီကင်တို့က Russia gate လက်နက်ဖြင့် တိုက်ပွဲဝင်ရန် ပြင်နေကြသည်။ သူတို့ကိုယ်တိုင်ကော သတိထားမိကြသလား၊ အမေရိကန်နိုင်ငံရေးက ပျက်ဖို့ဖြစ်နေပြီလား၊ သူတို့ သတိထားမိဟန်မတူသေး။ သို့သော် သူတို့အဖြစ်အပျက်များမှ သတိထားမိရန်၊ သံဝေဂဖြစ်ကာ ဆင်ခြင်နိုင်ရန်က ကျွန်တော်တို့အတွက် ဖြစ်လာသည်။ ကျွန်တော်တို့မှာ ယခုအချိန်က နိုင်ငံရေးအစ၊ စီးပွားလူမှုဘဝများဖွံ့ဖြိုးတိုးတက်ရေးအထိ စာမျက်နှာအသစ်အသစ်များ ပြုပြင်ပြောင်းလဲဖွင့်လှစ်နေရသည့် အခြေအနေဖြစ်သည်။ ဦးဆုံးလုံခြုံရေးနှင့် အေးချမ်းသာယာရေးက အရေးကြီးနေသည်။

### နိုင်ငံနှစ်ခုအကြား တူညီပုံများရှိ

အမေရိကန်နှင့် မြန်မာ့နိုင်ငံရေး၌ မတူသည်ကို ဖယ်ထားပြီး တူညီသည်များကို ဆက်ပြီး ယူကြဦးစို့လား။ သမ္မတထရမ့်လမ်းစဉ်ကို ကြည့်လျှင် သူတို့အမျိုးသားအကျိုးစီးပွားကိုသာ ဦးစားပေးပြီး အမျိုးသားရေးဘက်ကို ပိုပိုသာသာဖေါင်းပေးလာသည်ကို တွေ့ရသည်။ လူ့အခွင့်အရေးစံနှုန်းများ၊ လစ်ဘရယ်အယူများ၊ ဒီမိုကရေစီသဘောတရားများက အသံတိုးလာသည်ကို သတိထားမိသည်။ ထိုအချက်များကို ထင်ဟပ်သည့်နှယ် သမ္မတထရမ့်ကို မျိုးချစ်ပုဂ္ဂိုလ်၊ ငြိမ်းချမ်းရေးလိုလားသူတစ်ဦးအဖြစ် ပုံဖော်ခဲ့ပုံကို ထိုသဝဏ်လွှာတွင် တွေ့ရသည်က မြန်မာတို့၏ခံယူပုံနှင့် အပြုသဘောဆောင်ပုံကို ပြသနေခြင်းဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် ၄ ရပ်တွင်လည်း နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထားပုံကို သတိထားမိကြမည်ထင်ပါသည်။ အမေရိကန်နိုင်ငံရေးတွင် အမျိုးသားရေး အလေးထားမှုများနှင့် လစ်ဘရယ်အယူအဆများအကြား ထိပ်တိုက်တွေ့နေကြသလို မြန်မာ့နိုင်ငံရေး၊ လူမှုဘဝရေးရာများတွင်လည်း ထို့အတူဖြစ်နေသည်။ မြေပေါ်မြေအောက်အင်အားစုများ၊ လက်မည်းအရေခြုံလစ်ဘရယ်များ၏ရန်ကို သမ္မတထရမ့်တစ်ယောက် ရင်ဆိုင်နေသလို မြန်မာနိုင်ငံ တိုးတက်ရေးလမ်းကြောင်းတွင် ရင်ဆိုင်နေရသည့် ဆူးငြောင့်ခလုတ်ကန်သင်းများ အန္တရာယ်ကလည်း ထို့အတူပင်ဖြစ်သည်။ သဝဏ်လွှာ၌ ပါသလို မြန်မာနိုင်ငံအရေးတွင် မီဒီယာအား၊ ဘလော့ဂါအား၊ influencers အားဖြင့် ဘက်စုံထိုးနှက်ခြင်းဒဏ်ကို မြန်မာတို့ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရသည်၊ ယခုတိုင် ရင်ဆိုင်နေရဆဲလည်းဖြစ်သည်။ နောက်ဆုံး ICC၊ ICJ တို့နှင့်ပင် ခြိမ်းခြောက်ခံခဲ့ရသည်။

### မတူညီသည်များလည်းရှိ

တူညီသည်များကို ခဏဖယ်ထားလျှင် မတူသည်က ဘာဖြစ်မလဲ၊ မြန်မာ၌ မကောင်းသည့် အကြောင်းတရားများ ပေါင်းစုံ၍ဖြစ်ခဲ့ရသည့် ကြောင်းကျိုးဆက်နိုင်ငံရေးပဋိပက္ခ၊ အမေရိကန်၌လည်း သူ့အကြောင်းနှင့်သူဖြစ်နေသည့် နိုင်ငံရေးပဋိပက္ခ၊ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခ ပေါင်းစုံနှင့် ကပ်ဘေးမျိုးစုံ ပိုကြုံရသည်။ တူတာ၊ မတူတာများရှိသည့်အတွက် ပဋိပက္ခကို ဖြေရှင်းပုံချင်းလည်း တူညီနိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံ အကြီးအကဲများက တွေ့ဆုံညှိနှိုင်းအဖြေရှာရေး

> **အကြောင်းက မဲမသမာမှုမရှိစေရဟူသော အကြိမ်ကြိမ် ကတိစကားများကို ယုံကြည်ချက်ထား၍ တရားမျှတသော၊ လွတ်လပ်သော၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများမှ နောက်ထပ်ခေါင်းဆောင်ကောင်းများ၊ လူတော်လူကောင်းများကို ရွေးချယ်ရမည့်တာဝန်မှာ ကျွန်တော်တို့တာဝန်ဖြစ်နေသောကြောင့်ဖြစ်**

**နည်းလမ်းဖြင့် အမြဲသွားသည်။ ကိုယ့်နိုင်ငံသား အချင်းချင်း၊ တိုင်းရင်းသားအချင်းချင်းဆိုသည်ကို အမြဲလက်ကိုင်ထားပြီး စစ်မက်ကိုမလိုလား၊ သူအနိုင်၊ ကိုယ်လည်းအနိုင် Win–Win သီအိုရီ အတိုင်းဆောင်ရွက်သည်။**

သို့သော် တစ်ဖက်တုံ့ပြန်မှုကမူ ဆန့်ကျင်ဘက်ဖြစ်ပြီး အခွင့်အရေးယူ၍ စစ်ဘောင်ကို ရသလောက်ချဲ့ကြသည်။ ထို့ကြောင့်လည်း အဆင်အခြင်မဲ့ တစ်ဖက်သတ်သောင်းကျန်းမှုဒဏ်ကို တပ်မတော်ကော ပြည်သူပါ ပြင်းပြင်းထန်ထန် ခံခဲ့ကြရသည်။ သို့သော် ယခုလိုကာလတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆီ လှမ်းနေကြပါပြီ။ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကို စနစ်တကျအောင်မြင်စွာ ကျင်းပနိုင်ရေးက အရေးကြီးလာပြီဖြစ်သည်။ ရွေးကောက်ပွဲကာလ အလိုက် လုံခြုံရေးမကျိုးပေါက်ရအောင် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်သွားတော့မည်ဖြစ်သည်။ လုပ်ကိုလုပ်ရမည့်အလုပ်လည်းဖြစ်သည်။ ပြည်သူတစ်ရပ်လုံးလိုလားသည့် ရွေးကောက်ပွဲအတွက် တည်ငြိမ်အေးချမ်းမှုအရေးကြီးသည်မှာ အားလုံး အသိဖြစ်ပါသည်။

### ဆက်၍ ဖျက်ကြဦးမလား

**ပြည်သူ့ဆန္ဒမဲအစစ်အမှန်ဖြင့် ဒီမိုကရေစီနည်းကျ ရွေးချယ်ခံခဲ့ရသည့် သမ္မတထရမ့်သည်ပင် သူအရွေးခံခဲ့ရအပြီး နိုင်ငံအတွက်လုပ်နေသည်ကို လုပ်ကိုင်၍မရအောင်၊ နောက်ဆုံးပြုတ်သွားသည်အထိ သူ့ကို သဲကြီးမဲကြီး တိုက်ခိုက်ကြသည်ကို ကြည့်၍ ယနေ့အမေရိကန်ဒီမိုကရေစီနှင့် အမေရိကန်နိုင်ငံရေးသည် ဘာလဲ၊ ဘယ်လဲဆိုတာ ပြောစရာဖြစ်လာသည်။ တကယ့်တရားခံက အကျိုးစီးပွားအာဃာတနှင့်အမုန်းတရားများပင်၊ သူတစ်ပါးပျက်စီးပြီး မိမိတို့အာဏာရဖို့အရေး၊ နိုင်ငံပျက်စီးမှာကိုမကြောက်၊ လုပ်မှားကိုင်မှားဖြင့် မိုက်တွင်းနက်နေကြဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှာလည်း ထိုနည်းတူ သတိပြုစရာများကို သတိပြုရမည်ဖြစ်သည်။**

ရွေးကောက်ပွဲမဖြစ်အောင် ဖျက်ကြမည်၊ ရွေးကောက်ပွဲပြီးလည်း ပုံစံမျိုးစုံဖြင့် ဖျက်ကြလိမ့်ဦးမည်။ ထို့ကြောင့်လည်း ရွေးကောက်ပွဲမလိုလားသူ ပြည်တွင်း၊ ပြည်ပအင်အားစုများ၊ အချို့တိုင်းရင်းသား အမည်ခံလက်နက်ကိုင်များကို မေးချင်သည်။ မြန်မာနိုင်ငံကို ဘာဖြစ်စေချင်ကြသလဲ၊ မြန်မာ အရေး ဘယ်လဲ၊ ဘာလဲ၊ ဘယ်လိုမျှော်မှန်းချက် ရှိနေပါသလဲဟူ၍။ ပြည်သူတစ်ယောက်အနေဖြင့် မေးရမည့်မေးခွန်းတစ်ခုဖြစ်သော်လည်း အဖြေက ရှင်းနေဟန်ရှိသည်။ အလုံးစုံပျက်သုဉ်းရေးက ရုန်းမထွက်နိုင်သေးသော Lose – Lose အဖြေပင် ဖြစ်နေမည်လား၊ တွေးဆစရာဖြစ်ပါသည်။

အချုပ်အားဖြင့် နိုင်ငံအကြီးအကဲနှစ်ဦးအကြား အပြန်အလှန်ပေးပို့ခဲ့ကြသည့် သဝဏ်လွှာပါ အချက်များကိုအခြေခံ၍ အတွေးများမှ ဆင်ခြင်မိခြင်းသာဖြစ်ပါသည်။ အကြီးအကဲနှစ်ဦးစလုံးမှာ ကိုယ်စီသမိုင်းကြောင်းများကို ကိုယ်တိုင်ဖန်တီးနေကြပုံနှင့် အပြောင်းအလဲတိုင်းတွင် ခက်ခဲမှု၊

စာမျက်နှာ ၁၁ သို့ ◆

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရှိဥက္ကဋ္ဌ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ အတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခု ကျင်းပမည့်ရွေးကောက်ပွဲတွင် ယခင်ရွေးကောက်ပွဲ များနှင့်မတူသည့် အချက်သုံးချက်ရှိကြောင်း၊ ပထမဆုံးအချက်မှာ ရွေးကောက်ပွဲစနစ်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျ စနစ်( Mixed Member Proportional – MMP)ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး ယခုသင်တန်းတွင် အသေးစိတ် ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် မဲပေးသည့်စနစ်ဖြစ်ပြီး ကြိုတင်မဲများမှလွဲ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများတွင် မဲပေးရာ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်များဖြင့် ခလုတ်နှိပ်မဲပေးရမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် ရွေးကောက်ပွဲကျင်းပသည့် ပုံစံဖြစ်ပြီး ရွေးကောက်ပွဲကို အပိုင်းများခွဲ၍ ကျင်းပ သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်သို့ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက် ထားကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် မိမိတို့အတွက်အားဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ များရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်း များအနေဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မည် ကို ယုံကြည်ပါကြောင်း၊ အတူလက်တွဲပြီး ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း ပြောကြားသည်။

ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်သင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တက်ရောက်သည့် သင်တန်း သား သင်တန်းသူများအပါအဝင် စုစုပေါင်း ၂၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ တိုင်းဒေသကြီး အဆင့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် တာဝန်ရှိသူများ၊ ကျောင်းအုပ် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

**ချီးမြှင့်ငွေများပေးအပ်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အာဟာရပြည့်ဝပြီး ကာယနှင့် ဉာဏဖွံ့ဖြိုးသည့် မျိုးဆက်သစ် လူငယ်များ ပေါ်ထွက်လာစေရန်၊ ကလေးများ ၏ အနာဂတ်တွင် ကျန်းမာဖွံ့ဖြိုး စေရန်အတွက် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို “ကလေးများ အနာဂတ်လှပဖို့၊ မိခင်နို့ချို တိုက်ကျွေးလို့၊ ရင်းနှီးမြှုပ်နှံကြပါ စို့” ဆောင်ပုဒ်နှင့်အညီ မိခင်နို့ တိုက်ကျွေးခြင်းမှ အစပြုပြီး အသက်အရွယ်အလိုက် အာဟာရ စောင့်ရှောက်ခြင်း လုပ်ငန်းများ ပိုမိုခိုင်မာအောင် အရှိန်အဟုန် မြှင့်တင်ပြီး အားလုံးပူးပေါင်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပေးကြ ရန်ပြောကြားကာ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် “ကိုယ်ဝန်ဆောင် ကာလ အာဟာရပြည့်ပြည့်ဝဝ စားကြစို့” ဗီဒီယိုကို ပြသသည်။



ထို့နောက် တိုင်းဒေသကြီးအဆင့် အထက်တန်း ကျောင်းသား ကျောင်းသူများ အာဟာရပြည့်ဝ တန်ဖိုးမျှ ချက်ပြုတ်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်း ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး အသက်(၅) နှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးလုံး တိုက်ကျွေး၍ လက်ဆောင်ပစ္စည်း များ ပေးအပ်ကာ ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ကမမောင်းမြို့နယ်၌ မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှု အထိမ်းအမှတ် ဆုချီးမြှင့်

**ကမမောင်း ဩဂုတ် ၁၉**

၂၀၂၅ ခုနှစ် မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် များ လှုပ်ရှားမှုနှင့် ကျောင်း ကျန်းမာရေး သီတင်းပတ်လှုပ်ရှား မှု အထိမ်းအမှတ် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကမမောင်းမြို့ အထက သံလွင်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။



ဦးစွာ ဖာပွန်မြို့နယ် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးမင်းက နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်မှုကို တိုင်းတာသည့် မိခင်နှင့်ကလေး သေဆုံးနှုန်းများ ကျဆင်းစေရန်၊ အာဟာရပြည့်ဝ ပြီး ကာယနှင့် ဉာဏဖွံ့ဖြိုးသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက် လာစေရန်၊ ကလေးများ၏ အနာဂတ်တွင် ကျန်းမာဖွံ့ဖြိုးပြီး သာယာပျော်ရွှင်ရန် အတွက် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သည့် “ကလေးများ အနာဂတ်လှပဖို့၊ မိခင်နို့ချို တိုက်ကျွေးလို့၊ ရင်းနှီး မြှုပ်နှံကြပါစို့” ဆောင်ပုဒ်နှင့်အညီ မိခင်နို့တိုက်ကျွေးခြင်းမှ အစပြုပြီး အသက်အရွယ်အလိုက် အာဟာရ စောင့်ရှောက်ခြင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက် ကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ဖာပွန်မြို့နယ် ပညာရေးမှူးက အမှာစကား ပြောကြားပြီး ဖာပွန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆုရဲထက်က အာဟာရ ဖွံ့ဖြိုးရေးလှုပ်ရှားမှု ရက်သတ္တပတ် များအကြောင်း ရှင်းလင်းပြောကြား သည်။

ယင်းနောက် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် မိခင်နို့ စနစ်တကျတိုက်ကျွေးမှု စံပြမိခင်ဆု ရရှိခဲ့သူတို့အား ဆုချီးမြှင့်ခဲ့ကြပြီး ကမမောင်းမြို့ရှိ အသက်(၅)နှစ်အောက် ကလေး များအား ဗီတာမင်(A)ဆေးများနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများအား သံဓာတ် အားဆေးများ တိုက်ကျွေးကာ နို့တိုက်မိခင်များအား အာဟာရ လက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း များကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ် နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

◆ **စာမျက်နှာ ၁၀ မှ**

စိန်ခေါ်မှု ကိုယ်စီရှိနေပုံကို တွေ့ကြရမည်ဖြစ်သည်။ တူညီသည်များ၊ မတူသည်များအားလုံးမှာ အတု ယူစရာရှိသည်ကို ယူသင့်ပါသည်။ ဒီမိုကရေစီနှင့် အတူ အမျိုးသားအကျိုးစီးပွား အလေးထားပုံများ ကို အတုယူသင့်သည်။ လစ်ဘရယ်တို့၊ လူ့အခွင့် အရေးတို့ဆိုသည်ထက် အမျိုးသားရေးအလေးထား ပုံကို သင်ခန်းစာယူသင့်သည်။ လုပ်ရဲကိုင်ရဲပြီး ပြတ်သားလွန်းခြင်းနောက်တွင် အဆင်အခြင်မဲ့ သွားတတ်သည့် စိတ်သဘောကိုလည်း သတိထား သင့်သည်။ အမျိုးသားအကျိုးစီးပွားကို နိုင်ငံ အများစုက အလေးထားလာချိန်တွင် မြန်မာနိုင်ငံ ၌လည်း အမျိုးသားအကျိုးစီးပွားကို အလေးထား ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်နေချိန်ဖြစ်သည်ကို သတိပြု ရမည်ဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်ရေး အတွက် တည်ငြိမ်ရေးသည် အရေးကြီးသကဲ့သို့ ရွေးကောက်ပွဲအောင်မြင်မှုလည်း နိုင်ငံအေးချမ်း သာယာလာမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ တစ်ရပ်လုံး၏ပူးပေါင်းပါဝင်မှုသည် ယခုလိုကာလ တွင် အလွန်အရေးကြီးပါသည်။ **အကြောင်းက မဲမသမာမှုမရှိစေရဟူသော အကြိမ်ကြိမ်ကတိ စကားများကို ယုံကြည်ချက်ထား၍ တရား မျှတသော၊ လွတ်လပ်သော၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများမှ နောက်ထပ်ခေါင်းဆောင် ကောင်းများ၊ လူတော်လူကောင်းများကို ရွေးချယ် ရမည့်တာဝန်မှာ ကျွန်တော်တို့တာဝန်ဖြစ်နေသော ကြောင့် ဖြစ်ပါသည်။** ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်




နေပြည်တော် ဩဂုတ် ၁၉

မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအုပ်စု ကြောင်ရေကျေးရွာ တောင်သူအသိပညာပေးစင်တာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ တောင်သူများ အဓိကလိုအပ်သော သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သွင်းအားစု ဓာတ်မြေဩဇာများ သုံးစွဲရာတွင်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်ထားသော သတ်မှတ်ရက်အလိုက် ထည့်သွင်းရမည့်ပမာဏ၊ ထည့်သွင်းနည်းစနစ်များကို စနစ်တကျမှန်ကန်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သီးနှံပေါ်ပါက ယခုသွင်းအားစု တန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများကို အပြေအကျေ ပြန်ဆပ်ရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ်အတွင်းရှိ ကြောင်ရေ၊ နောင်ဘို၊ သပြေပင်၊ ပြောင်ခေါင်းကြီး၊ ပေါက်မြိုင်၊ အလယ်ကျွန်း၊ သော်မှော်ကုန်း၊ ရွှေပြည်အေး စသည့်ကျေးရွာ ရှစ်ရွာမှ မိုးစပါးစိုက်တောင်သူများအားသွင်းအားစုပုလဲဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကြောင်ရေစံပြကျေးရွာ၌ လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသည့် သင်တန်းသူများ၏ မိုးဘက်စုံသုံး ဆပ်ပြာရည်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ ရောက်ရှိပြီး အသင်းပိုင်မြေ ၁၉ ဧကကျော်တွင် အသင်းသားတောင်သူများ၏ အောင်နိုင်တိုးအထွက်တိုးမျိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း၊ ဘရာမင်ရွှေနီ နွားမျိုးနှင့် ဒေသနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အောင်ရေရရှိရေး၊ ပေါင်းမြက်ကင်းစင်ရေးနှင့် ဈေးကွက်ရရှိရေးကိစ္စရပ်များနှင့် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အုတ်တွင်းမြို့နယ်၌ မိုးစပါးများအား သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲသရုပ်ပြသခြင်း လိုက်လံကြည့်ရှုအားပေး



အုတ်တွင်း ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက် သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက နတ်စဉ်ကုန်းကျေးရွာအုပ်စု တောင်သူဦးမောင်စန်း၏ မိုးစပါး ဧက ၃၀၀ စံပြကွက်ကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်ခြင်းအားဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ခြင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## သက်တံရောင်စီမံကိန်းရန်ပုံငွေဖြင့် မိုးစပါးစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဩဂုတ် ၁၉

ရမည်းသင်းမြို့နယ်အတွင်း သက်တံရောင်စီမံကိန်းရန်ပုံငွေဖြင့် မိုးစပါးစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည့်စိုး နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ဇီးဖြူကန်ကျေးရွာ၌ သက်တံရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကောင်းထက်စံ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းရှိ အသင်းသားများဖြင့် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများနှင့် ဆက်လက်ဆောင်ရွက်ရန် ထွန်ယက်လျက်ရှိသော စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး အသင်းသားတောင်သူများ၏ လိုအပ်ချက်များကို မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဆည်ကြီးကျေးရွာရှိ တက်သစ်စ-၂ လယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းရှိ မိုးကြိုဝါစိုက်ခင်းများနှင့် ဘွက်ကျေးရွာ ပွင့်သစ်ဦး လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းရှိ မိုးဝါစိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း အမှတ်စဉ် (၂)၊ (၃) လသင်တန်းများဖြစ်သော ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၈-၉-၂၀၂၅ ရက်မှ ၅-၁၂-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူ ဖြစ်ရမည်။
၂။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပညာအရည်အချင်းထောက်ခံစာမိတ္တူ
၄။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၅။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၆။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ်-၀၆၇-၄၀၄၂၅၂၊ ၀၆၇-၄၀၄၆၇၆ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ်-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၇၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၂၄၄ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၉၂၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၅ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# တနင်္သာရီတိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအစည်းအဝေးကျင်းပ

ထားဝယ် ဩဂုတ် ၁၉

တနင်္သာရီတိုင်း ဒေသကြီး သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က သက်ကြီးရွယ်အိုများအားလုံး ဂုဏ်သိက္ခာရှိရှိနှင့် ကျန်းမာပြီး လုံခြုံစိတ်ချရသည့် ဘဝမျိုးဖြင့် လျှောက်လှမ်းနိုင်ရေး၊ တက်ကြွ၍ ကျန်းမာသော သက်ကြီးရွယ်အို ဘဝဖြစ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဦးတည်ကြိုးပမ်း ဆောင်ရွက်ပေးလျက် ရှိရာ ထားဝယ်ဘိုးဘွားရိပ်သာရေရှည် တည်တံ့ခိုင်မာအားကောင်းစေရန် အတွက် သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ထားဝယ်ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်း ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း ဘိုးဘွား ရိပ်သာတည်ထောင်ခွင့်ပြုမိန့်ပေးခြင်းနှင့် သက်ကြီးရွယ်အိုများ ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ထားဝယ်ဘိုးဘွား ရိပ်သာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မောက်မယ်မြို့နယ် ငွေလမင်းအစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

မောက်မယ် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်ရှိ ငွေလမင်းအစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း လီမိတက် ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၇ ရက်က မြို့နယ်နမ့်ယွမ်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အမှာစကားပြောကြားပြီး သမဝါယမအသင်း ဥက္ကဋ္ဌ မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခင်မြင့်ထွေးက သမဝါယမလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အမှုဆောင်အဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရှုံးအမြတ်စာရင်း၊ လက်ကျန်ရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသင်းသား အသင်းသူများ၏ သားသမီးများထဲမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် စုဆောင်းငွေကျပ် ၁၀ သိန်းနှင့်အထက်ရှိသူများကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ကျွန်းစုမြို့၌ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောနေရာဒေသ(စံပြကျေးရွာ)ဆုပေးအပ်

ကျွန်းစု ဩဂုတ် ၁၉

တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ်တွင် တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော နေရာဒေသ (စံပြကျေးရွာ)ဆုပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကပကျေးရွာ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲခေါင်က စံပြကျေးရွာဆုသည် ပတ်ဝန်းကျင် သန့်ရှင်းသာယာမှု၊ ကျေးရွာဖွံ့ဖြိုးမှု၊ ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်မှု ကောင်းမွန်သည့်အတွက် ကပကျေးရွာမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော နေရာဒေသ (စံပြကျေးရွာ)ဆုအား တာဝန်ရှိသူထံ ပေးအပ်သည်။

ထို့နောက် ကျေးရွာနေဒေသခံများက လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် စသည်ကိစ္စရပ်များ တင်ပြကြရာ ညွှန်ကြားရေးမှူး ဦးရဲခေါင်က သက်ဆိုင်သည့် ဌာနများနှင့် တာဝန်ရှိသူများထံ ပြန်လည်တင်ပြပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ထက်မြင့်(ကျွန်းစု)**

# ပေါင်းတည်မြို့နယ်၌ ပြည်သူလူထုနှင့် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်

ပေါင်းတည် ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ စီမံကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရွှေတည်(၂) ရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် စာသင်ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ် ဦးဆောင်၍ ကျန်းမာရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောခြင်း၊ အသိပညာပေး ဗီနိုင်းများကပ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ဘုရားပန်းအိုး၊ ရေစည်၊ ရေအိုးများတွင် ပိုးလောက်လမ်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပေါင်းတည်(ပြန်/ဆက်)**

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ထိန်းချုပ်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၉**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီ ထိန်းချုပ်ထားသည့် ကယားပြည်နယ် ဒီးမော့ဆိုမြို့အား တပ်မတော်က ယနေ့တွင် အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီး လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖရိုဖရဲဆုတ်ခွာ**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် ကယားပြည်နယ် အတွင်း အစိုးရ၏အုပ်ချုပ်မှု ယန္တရား ပျက်ပြားစေရန်၊ နိုင်ငံတော်နှင့် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တားရန်၊ ဒေသခံတိုင်းရင်းသား အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် လွိုင်ကော်မြို့အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒီးမော့ဆိုမြို့နယ်အတွင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ကျေးရွာသူ ကျေးရွာသားများ အသွင်ဖြင့် စိမ့်ဝင်ပုံဖျက် ဝင်ရောက်နေရာယူ၍ အစိုးရ၏အုပ်ချုပ်မှု ယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် တပ်မတော် တပ်စခန်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များအား ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများနှင့် ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ကင်းရာ မြို့၊ရွာများသို့ ယာယီနေရပ်စွန့်ခွာသွားရောက် နေထိုင်ခဲ့ကြရသဖြင့် လူ့အခွင့်အရေးများ၊ လူမှုစီးပွားဘဝများ များစွာနိမ့်ကျခဲ့ရသည်။

ထို့ကြောင့် တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါ မြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသား ပြည်သူများအား ၎င်းတို့၏ မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝ ရှာဖွေလုပ်ကိုင် စားသောက်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး အတွက် အဆိုပါအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဒီးမော့ဆို ဒေသတစ်ဝိုက်နှင့်




အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

ခြေကုပ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက်သမားများ ခံစစ်ပြုလုပ်ထားသည့် မြို့တွင်းရှိ မြေပေါ် မြေအောက်ဘန်ကာများ၊ အထပ်မြင့် အဆောက်အအုံများ အပါအဝင် စာသင်ကျောင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နေရာ၊ ချက်ကျောင်းနှင့် ဆေးရုံ နေရာတို့ကို ခက်ခက်ခဲခဲဖြင့် စွန့်လွှတ်စွန့်စားစွာ အချိန်ယူ ရှင်းလင်းတိုက်ခိုက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ဒီးမော့ဆိုမြို့၏ အရှေ့တောင်ဘက်ရှိ ပါဒေါဒူ ကျေးရွာနှင့် ရှူးဖယ်ခူရပ်ကွက်ကိုလည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် ရွှေယောက် မြို့နယ်ခန်းမ၊ မြို့မရပ်ကွက် အတွင်းရှိ ချက်ကျောင်းနေရာများကိုလည်းကောင်း၊ ယနေ့တွင်ဒီးမော့ဆိုမြို့ တစ်ခုလုံးကို လည်းကောင်း တပ်မတော် စစ်ကြောင်းများက ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။ စစ်ဆင်ရေးကာလ ၁၆ ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ်(၂၃)ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှအလောင်းခြောက်လောင်းနှင့် လက်နက်မျိုးစုံ ငါးလက် သိမ်းဆည်းရမိခဲ့ပြီး မိမိတို့ဘက်မှ လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ထိခိုက်ကျဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ အနေ အဆောက်အအုံများ အကြားနှင့် အများပြည်သူ သွားလာအသုံးပြု ဆက်သွယ်ရေးလမ်းကြောင်းများ ပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံ ပြည်သူများအား လူသားတံတိုင်း အဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (Rules of Engagement–ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများက လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တို့ကို ဆက်သွယ်ထားသည့် လမ်းကြောင်းကို

ပြည်သူများ အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ ကယားပြည်နယ် အတွင်းရှိ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင် တစ်ဝိုက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်လည်း စစ်ရေးပစ်မှတ် မဟုတ်သည့် လွိုင်ကော် တက္ကသိုလ်ကို လက်နက်ကြီးများ အကူအညီဖြင့် တပ်မတော် စစ်ကြောင်းများ၏ အလစ်အငိုက်ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တစ်ဆင့်ပြီး တစ်ဆင့် လွိုင်ကော်မြို့သိမ်း တိုက်ပွဲကို စတင်ဆောင်ရွက်ခဲ့သဖြင့် မြို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်စစ်ကြောင်းများက လွိုင်ကော်မြို့ အကြမ်းဖက်သောင်းကျန်းသူများလက်အောက် မကျရောက်စေရေး ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ များအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မ လုယက်ယူဆောင်ခြင်း စသည့်အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ဒီးမော့ဆိုမြို့အတွင်းရှိ နေအိမ်များ၊ ဘာသာရေး အဆောက်အအုံများတွင် အခိုင်အမာခံစစ်ပြုလုပ်ကာ လွိုင်ကော်–ဒီးမော့ဆို–ဘောလခဲ ဆက်သွယ်ရေး လမ်းကြောင်းကို ဖြတ်တောက်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရိုးသားစွာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံ






အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

ဒီးမော့ဆိုမြို့အား ပြန်လည် ထိန်းချုပ်နိုင်ရေး အတွက် တပ်မတော် စစ်ကြောင်းများက ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှစ၍ ဒီးမော့ဆိုမြို့၏ မြောက်ဘက်ခြမ်း ရွှေယောက်ရပ်ကွက် အတွင်းရှိ တောင်ငူလမ်းဆုံနှင့် အရှေ့တောင်ဘက် ပါဒေါဒူကျေးရွာတို့မှစ၍ လက်နက်ကြီးပစ်ကူများဖြင့် စနစ်တကျ အဆင့်ဆင့် ရပ်ကွက်အတွင်းရှိ ဆီဆိုင်နေရာကိုလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် အောင်မင်္ဂလာရပ်ကွက် အတွင်းရှိ မြို့နယ်ရဲစခန်း၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ရုံးတို့ကိုလည်းကောင်း၊ ဩဂုတ် ၁၅ရက်တွင် ရွှေယောက်ရပ်ကွက်တစ်ခုလုံးနှင့် စည်ပင်သာယာရပ်ကွက်ရှိ ဖြင့် ဒီးမော့ဆိုမြို့အား ယာယီ ထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ/ဆေးခန်းများနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော် စစ်ကြောင်းများအား ပစ်ခတ် တိုက်ခိုက်ခြင်း၊ လူနေ/အိမ် အပြီးတိုင် ဆက်လက်ရှင်းလင်းပေးခြင်းဖြင့် လွိုင်ကော် – ဒီးမော့ဆို ဆက်သွယ်ရေး လမ်းမကြီးအား မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ 

**စာမျက်နှာ ၁၅ သို့☆**

☆ စာမျက်နှာ ၁၄ မှ

ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ အပါအဝင် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် အတွင်း အကြမ်းဖက် သောင်းကျန်းသူများ ထိန်းချုပ်/ ပိတ်ဆို့ထားသည့် မြို့/ ရွာများ၊ ဆက်သွယ်ရေး လမ်းကြောင်းများအား တပ်မတော်က **“ရန်နိုင်မင်း”** စစ်ဆင်ရေးဖြင့် အကြမ်းဖက် ချေမှုန်းရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေ ၁၅ ရက်တွင် ဆီဆိုင်မြို့အား ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ဟိုပုံး- ဆီဆိုင်- လွိုင်ကော် လမ်းကြောင်းကို မေ ၂၉ ရက်တွင်လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက်တွင် မိုးဗြဲမြို့ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ပင်လောင်း- ဆောင်းပြောင်း- ဖယ်ခုံ - မိုးဗြဲ - လွိုင်ကော် လမ်းကြောင်းကို ဇူလိုင် ၁၁ ရက်တွင်လည်းကောင်း၊ ဖယ်ခုံအင်းအရှေ့ဘက်ခြမ်း ဒေသတစ်ခုလုံးကို ဇူလိုင် ၃၁ ရက်တွင် လည်းကောင်း ပြန်လည်ထိန်းချုပ်/ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယနေ့တွင် အကြမ်းဖက် သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော် စစ်ကြောင်းများက အပြီးအပိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ ပြည်သူ့ဆေးရုံအားဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်/ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ။







အကြမ်းဖက်သောင်းကျန်းသူများက လူနေအဆောက်အအုံများအတွင်း ဘန်ကာများ၊ ဗုံးခိုကျင်းများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦး သက်ဆိုင်ရာနိုင်ငံသို့ထပ်မံပြည်နှင့် လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၁၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ အာဆီယံမှ

တက်ရောက်ခဲ့ခြင်းဖြစ်ပြီး လေးကြိမ်စလုံး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။ ဩစတြေးလျအသင်းသည် ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် ဗိုလ်စွဲပြီးနောက် ၁၇ နှစ်အကြာတွင် တစ်ကျော့ပြန် ဗိုလ်စွဲခြင်းဖြစ်သည်။ ဩစတြေးလျအသင်းသည် ပထမဆုံးဗိုလ်စွဲသည့် ပြိုင်ပွဲတွင် လက်ရွေးစင်အသင်းဖြင့် ယှဉ်ပြိုင်သော်လည်း နောက်ပိုင်းနှစ်များတွင် လူငယ်လက်ရွေးစင်အသင်းများကိုသာ စေလွှတ်ခဲ့ကာ ယခုနှစ်တွင် ယူ-၂၃ အသင်းဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ဩစတြေးလျအသင်းသည် အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းကို အရေးနိမ့်ပြီး ကတည်းက တစ်ပွဲထက် တစ်ပွဲကစားပုံကောင်းလာခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ တက်ရောက်လာခြင်း ဖြစ်သော်လည်း ဗိုလ်လုပွဲမှ ဩစတြေးလျအသင်း၏ ရှုံးကြွေးဆပ်ခြင်း ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယလေးကြိမ်၊ တတိယသုံးကြိမ် ရရှိထားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မျိုးမြမြငြိမ်း(ဂိုး)၊ ဖြူဖွေး၊ ခွန်ယုယဦး၊ လင်းလဲ့ဦး၊ မေသက်မွန်မြင့်၊ ရှုပါခိုင်၊ ခင်မိုမိုထွန်း၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ စန်းသော်သော်၊ ဝင်းသိင်္ဂီထွန်းတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် အပြန်အလှန်ကစားရန်ထက် ခံစစ်ကို အမှားမရှိအောင်ကစားပြီး တန်ပြန်တိုက်စစ်ဖြင့် ဂိုးရရန်ကြိုးပမ်းခဲ့သည်။ ၁၉ မိနစ်တွင် မြန်မာအသင်း ဂိုးရနိုင်သည့် အခွင့်အရေးရသော်လည်း ရှုပါခိုင်၏ ထိုးဖောက်မှုကို ဩစတြေးလျနောက်ခံလူများ ဖျက်ထုတ်နိုင်ခဲ့သည်။ ဩစတြေးလျအသင်း၏ ထိုးဖောက်မှုများကို မြန်မာဂိုးသမား မျိုးမြမြငြိမ်းနှင့် နောက်ခံလူများ အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

မြန်မာအသင်းသည် အုပ်စုပွဲမှ ဗိုလ်လုပွဲအထိ ၁၃ ရက်အတွင်း ငါးပွဲအထိ ကစားရသောကြောင့် ကစားသမားများအနေဖြင့် ပွဲပန်းသည့်ဒဏ်ကို ခံစားခဲ့ရပြီး ပြိုင်ဘက်အသင်း၏ ဖိအားပေးလာချိန်တွင် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ၆၆ မိနစ်တွင် ဩစတြေးလျအသင်း အနိုင်ဂိုးရခဲ့ပြီး ဖာဗီက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းချေပဂိုးရရန် ကြိုးပမ်းသော်လည်း ဩစတြေးလျအသင်းက အနိုင်ရလဒ်ထိန်းကစားသွားပြီး ချန်ပီယံဆုရယူသွားခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ချန်ပီယံဆုနှင့် လွဲချော်ခဲ့သော်လည်း အကောင်းဆုံး ကြိုးစားခဲ့သလို နောက်ဆုံးအချိန်အထိ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့သည့်အတွက် ချီးကျူးရမည်ဖြစ်သည်။ တတိယနေရာလုပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းက ထိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုရရှိခဲ့သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF



ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# မုံရွာမြို့၌ အာဟာရချက်ပြုတ် သရုပ်ပြပြိုင်ပွဲ ကျင်းပ

**မုံရွာ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုကို ဩဂုတ် ၁၇ ရက်က မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးက အမှာစကားပြောကြားပြီး အာဟာရချက်ပြုတ်ပြိုင်ပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြိုင်ပွဲလေးဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အဖွဲ့များက လက်ခံရယူခဲ့သည်။



ဆက်လက်ပြီး မုံရွာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရပညာပေးလုပ်ငန်း ကျန်းမာရေးမှူး ဒေါ်မိုးမေနှင့် မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်တို့က အာဟာရအုပ်စုသုံးအုပ်စုနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။

ခရိုင်(ပြန်/ဆက်)

# မရမ်းကုန်းမြို့နယ်၌ ခေတ်လိုက်ရောင်းဝယ်ရေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ခေတ်လိုက်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့တွင် အမှတ်(၂)ရပ်ကွက်ရှိ သာသနာ့ဝေယျာဝစ္စမွှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအသင်းဥက္ကဋ္ဌ ဦးမိုးဇော်အောင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာချိုတို့က အမှာစကားပြောကြားသည်။

ယင်းနောက်အသင်းသား ၁၈၈ ဦးအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းသားအကျိုးဝေစု ငွေကျပ် ၃၁၀၀၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း(ပြန်/ဆက်)



# မြစ်ကြီးနားမြို့နယ် သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး စစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၁၉**

ငါးအိုးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ၏ မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မော်ဖောင်းကျေးရွာအုပ်စုရှိ တူးရိန်ကွင်းအား သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်နှင့် တာဝန်ရှိသူများက အသင်းသား တောင်သူများ၏ မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လိုအပ်သည်များမှာကြားကာ တောင်သူများ၏ လိုအပ်ချက်များဖြစ်သော အစေ့ချစက်နှင့် မြေဩဇာများကို အချိန်မီရရှိနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၃၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၀၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၅၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၀၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၈၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၁ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

# မြို့နယ်အချို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်



### ပဲခူး

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက်က ဗုဒ္ဓအသံဓမ္မဗိမာန် စိတ္တသုခခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းမြိုင်က အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးမင်းသန့်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**



### ညောင်တုန်း

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဝင်းက မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးပြည့်ဖြိုးမိုးက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းနှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပန်းဘဲတန်း

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဒုတိယနေ့ကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက အမှတ်(၂)ရပ်ကွက် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးသိန်းလင်းအောင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများ၊ ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းတက်ရောက်ပြီးသူ သင်တန်းသားများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် မဲပေးခြင်းနှင့် ဆန္ဒပြုခန်းအတွင်း မဲပေးပုံအဆင့်ဆင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်နေပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို သရုပ်ပြသကြရာ တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



### ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာအုပ်စုရှိ ဓမ္မဝိဟာရဘိုးဘွားရိပ်သာတွင် ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်က မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးမှုနှင့်စပ်လျဉ်းသည်များကိုရှင်းလင်းပြောကြားသည်။ ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသော မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့မဲပေးခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**



### ကျောင်းကုန်း

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးညွန့်က အမှာစကားပြောကြားကာ အတွင်းရေးမှူး ဒေါ်စုမြတ်ထိုက်က မဲပေးစက်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြည်သူများ တက်ရောက်ကြပြီး မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



### ရေး

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း အစမ်းလေ့ကျင့်သရုပ်ပြမှုကို ဩဂုတ် ၁၉ ရက်နံနက်ပိုင်းက ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကိုလတ်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




### လသာ

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဩဂုတ် ၁၈ ရက်က လသာမြို့နယ် အမှတ်(၁)ရပ်ကွက် မူကြို(၆)ရှိ မြေညီထပ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံသိန်းက ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဒေါ်အိအိခင်က MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသကြပြီး တက်ရောက်လာကြသူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။ **နေလင်း(ပြန်/ဆက်)**



# မြဝတီမြို့၌ အီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်း ဆင့်ပွားသင်တန်း ဖွင့်လှစ်



**မြဝတီ ဩဂုတ် ၁၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင် ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းကို လက်တွေ့ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက စမ်းသပ်မဲပေးခြင်း၊ မဲရလဒ်ရေတွက်ခြင်း အသုံးပြုပုံများကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

**သင်ကြားပို့ချ**

ယင်းနောက် သင်တန်းနည်းပြငါးဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်ခန်းစာများကို မြဝတီမြို့ပေါ်ရှိ ဆရာ ဆရာမ ၅၇ ဦးအား စာတွေ့လက်တွေ့ သင်ကြားပို့ချသည်။ အဆိုပါမြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၂၂ ရက်ထိ သင်တန်းသားဦးရေ ၁၀၀ ဖြင့် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

■

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ကံဘဲ့)၊ မြေကွက်အမှတ်(၉၀/င)၊ ဧရိယာ(၀.၀၅၂ ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄)၊ မင်္ဂလာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းဝင်း[၉/မရမ(နိုင်)၀၂၆၉၈၀]အမည်ပေါက်ပြီး ယင်းအမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဦးမောင်အေး [၁၀/သထန(နိုင်)၀၉၄၇၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်အိသီရိကြူ LL.B, M.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အကွက်အမှတ်(၂၃)၊ ရုံးတော်ကွက်၊ ဦးပိုင်အမှတ်(၈/၅၆)၊ မြေကွက်အမှတ်(C/၃၆)၊ ဧရိယာ(၀. ၀၈၂)ဧက အကျယ်ရှိ ဦးသန်းဌေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးမြတ်မွန်(ဘ)ဦးမြင့်ဆွေ[၁၂/သလန(နိုင်)၀၀၉၆၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်ကိုဦး[၁၂/သလန(နိုင်)၁၁၆၈၂၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်သီရိဦး (LL.B) (LL.M) | ဒေါ်ဝေဝေဖြိုး(LL.B) | ဒေါ်လွင်မာကျော်(LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်–၁၁၂၃၀) | (စဉ်–၁၉၆၃၄) | (စဉ်–၁၉၆၁၂) |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရ်ဂါရပ်ကွက်၊ ကျိုက်ဒေးယျုံလမ်း၊ အကွက်အမှတ်(၉)၊ ဒါရ်ဂါကွက်၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ(၀.၀၈၄)ဧက အကျယ်ရှိမြေမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်–RPNO 266 V/61–62 အရ ရမ်မဖံဘီဘီ အမည်ပေါက် ဂရန်မြေကွက်အား မေတ္တာဖြင့် အပိုင်ပေးစာချုပ်အမှတ်(၁၁/၁၉၇၉)ဖြင့် ဦးညွှန့်မောင်မှ ပိုင်ဆိုင်ခဲ့ပါသည်။ ဦးညွှန့်မောင်နှင့် ဇနီးဖြစ်သူတို့ကွယ်လွန်ပြီးနောက် အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၃၀/၂၀၁၃)ဖြင့် ဦးရာဂွတ်၊ ဦးအောင်ငြိမ်း၊ ဦးအောင်ညွှန့်၊ ဦးမောင်ချစ်၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်စန်းစန်းအေး၊ ဒေါ်တင်တင်ညွှန့်နှင့် ဒေါ်ခင်မျိုးဌေးတို့ (၈)ဦးမှ ပူးတွဲပိုင်ဆိုင်ခဲ့ပြီးနောက် ဦးအောင်ညွှန့်မှာ (၁၄–၃–၂၀၂၁)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့၍ အထက်ဖော်ပြပါ ဧရိယာ(၀.၀၈၄)ဧကအနက်မှ ကျန်ရှိမြေဧရိယာ(၀.၀၅၀)ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရာဂွတ်၊ ဦးအောင်ငြိမ်း၊ ဦးမောင်ချစ်၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်စန်းစန်းအေး၊ ဒေါ်တင်တင်ညွှန့်နှင့် ဒေါ်ခင်မျိုးဌေးတို့ (၇)ဦးမှ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B) | ဒေါ်ခိုင်သူဇာဝင်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၉၄၉/၂၀၁၃) | တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၃၄/၂၀၁၄) |
| ၀၉ – ၄၂၀၅၃၁၁၀ | ၀၉ – ၄၂၀၅၃၁၀၁ |

**(ရုံးခန်း)သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## "အိမ်ခြံမြေ" ဝယ်ယူမည် ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ပြုံးမို့မို့စံ [၁၃/ကဟန(နိုင်)၀၁၉၄၁၁] သည်**"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၄၀၄)ဟုခေါ်တွင်သော အကျယ်(၄၀ပေx၆၂ပေခွဲ)ရှိ နှစ်(၆၀)ဂရန်မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော"ဦးဇင်လတ် [၈/မကန(နိုင်)၁၄၆၀၈၁]" ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်မေသဥ္ဇာသိန်း (LL.B) | ဒေါ်ပွင့်သူဇာ(LL.B) |
|---|---|
| (စဉ် – ၁၄၅၉၈) | (စဉ်–၁၄၅၉၂) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာ၊ သဲအင်းဂူလမ်းမ၊ နှောကုန်းကျေးရွာ၊ မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ(ရွာမြေ) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်စိုးဝင်း[၁၂/မဘန(နိုင်)၁၀၂၈၃၃]အမည်ဖြင့်မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဒေါ်စန္ဒာသန်း [၁၂/တမန(နိုင်)၀၇၄၅၂၇]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးကြီး[၈/မကန(နိုင်)၁၀၅၉၇၀]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Star City အိမ်ရာ၊ တိုက်အမှတ်(CL–6)၊ (၃)လွှာ၊ အခန်းအမှတ်(၃၀၆)၊ အကျယ်အဝန်း (၇၁၀)ဧရိယာစတုရန်းပေရှိ (2 Bed Rooms) အမျိုးအစား ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး၊ ပရိဘောဂများအပါအဝင် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဇော်ဝင်းထွန်း [၁၂/တမန(နိုင်)၀၉၃၀၉၇] မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်အောင်ကျော် [၉/မတရ(နိုင်)၁၂၄၉၈၂]နှင့် ဒေါ်မျိုးကလျာဝင်း [၉/မနမ(နိုင်)၁၁၇၈၇၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ခိုင်ဇော်(LL.B,D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၈၉၀)**
**အမှတ်(၆၀၆)၊ ဝေဇယန္တာအနောက်(၁၃)လမ်း၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၈၉၅၃၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပဲခူးမြစ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၇၇၊ မြေကွက်အမှတ်–၁၁၄၅၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ပေx ၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်ခိုင် [၁၃/နခန (နိုင်) ၀၅၈၅၉၀] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူ ဦးကျော်ခိုင်မှ ဖော်ပြပါမြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက် အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၆၇ (မြေညီထပ်)၊ ၃၈–လမ်း (အလယ်)၊ ၆–ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၉၅၉၅၅၀၅**

## "အများသိစေရန်ကြော်ငြာခြင်း"

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အောင်ဇေယျာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(E–157)နေ ဒေါ်ဟန်သီစိုး[၃/ကကရ(နိုင်)၁၂၇၃၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၉)လမ်း၊ မြေကွက်အမှတ်(၁၉)၊ အကျယ်အဝန်း(၄၀.၃၈ x ၆၀.၅၇)ပေအကျယ်ရှိ ဦးစိုးနိုင် အမည်ပေါက် နှစ်(၆၀)မြေကွက်ပေါ်တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ အကျိုးတူကန်ထရိုက်တိုက်ဆောက်လုပ်ရာမှ ပေါ်ထွက်လာသော(၂)ခန်းတွဲ(၆)ထပ် အဆောက်အဦအနက် ကန်ထရိုက်တာရပိုင်ခွင့်ဖြစ်သော ၆လွှာ(A)ခေါင်ရင်းခန်း အကျယ်အဝန်း(၁၇x၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသော ကန်ထရိုက်တာ ဒေါ်အေးမြင့်ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဟန်သီစိုးမှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မို့မို့သော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၂၅/၂၀၁၄)**
**ဖုန်း–၀၉–၄၃၀၇၃၈၁၅၊ ၀၉–၇၈၀၀၇၃၉၆၁**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အ.ထ.က(၁)၊ Grade–12(C) မှ မယဉ်ယဉ်ရွှေ [၇/ပမန(နိုင်)၂၄၂၂၇၁]၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး [၇/ပမန(နိုင်)၁၅၇၈၂၉] ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွေး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်နေ (ဘ) ဦးမြင့်နိုင်၏ သမီး မမိုးသဥ္ဇာနိုင် [၁၂/သလန (နိုင်) ၀၉၆၉၄၄]အား မသဥ္ဇာနိုင် ဟုပြောင်းလဲခေါ်ပါရန်။

**မသဥ္ဇာနိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက–ဟံဇား၊ Grade–12 မှ မောင်နေလင်းထွန်း ၏ ဖခင်အမည်မှန်မှာ ဦးကုလား [၉/သစန(နိုင်)၀၃၈၇၇၉] ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးသက်လွင်ဦး [၁၂/ဒဂန(နိုင်)၁၂၃၈၉၇]၏ သား မင်္ဂလာဒုံမြို့နယ်၊ စွယ်စုံကိုယ်ပိုင်အထက်တန်းကျောင်း Grade–7 မှ **မောင်ဖွဲ့ရန်နိုင်**၏ အမည်မှာ **မောင်ဖွဲ့ရန်သက်နိုင်** [၁၃/ဖခန(နိုင်)၀၉၉၀၁၈]ဖြစ်ပါသည်။

**မောင်ဖွဲ့ရန်သက်နိုင်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၂၁၂/၂၁၃)နေ မဆွေဇင်ထွန်း [၁၂/ဒပန(နိုင်)၀၆၆၃၆၈]၊ မမြတ်မွန်ကျော် [၁၂/ဒပန(နိုင်)၀၆၆၃၆၉]နှင့် မောင်စွမ်းထက်နိုင် [၁၂/ဒပန(နိုင်)၀၇၅၆၈၈] တော်ဝင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ကျောင်းဝင်နံပါတ်–၀၂၃၀(G–5)တို့၏ ဖခင်အမည်မှန်မှာ ဦးညာဏ် [၉/မမန(နိုင်)၀၁၈၉၃၅]ဖြစ်ပါသည်။

**ဦးညာဏ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉–၈–၂၀၂၅ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၃)ပါ အများသိစေရန် တရားလွှတ်တော်ရှေ့နေ ဦးတင်အောင်ကြည် ကြော်ငြာတွင် ဒေါ်စနာ(ခ)ဒေါ်သဇင်ထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ချင်းတွင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ပ–၂၃၁၂၀)၊ အကျယ်အဝန်း(၈၀x၆၀)ပေ၊ ဧရိယာ(၀.၁၁၀)ဧက၊ နှစ်(၃၀)ဂရန်ဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၃၀)ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မာရီ(ဘ) ဦးထွန်းခင် [၉/တကန(နိုင်)၀၁၂၉၀၈] တရားဝင် လက်ရောက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူသည်ဟု အဆိုပြုသဖြင့် ဒေါ်ခင်မာရီ (ဘ) ဦးထွန်းခင် [၉/တကန(နိုင်)၀၁၂၉၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၁၇–၉–၂၀၂၅)ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ဤကြေညာပါသည့်ရက်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးလှိုင်ဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဆုဆုလှိုင်(LL.B)**
**အထက်တန်းရှေ့နေ စဉ်–၅၃၈၉၅(၂၀–၁၁–၂၀၂၀)**
**အမှတ်(ပ–၃၀၈၁၈)၊ ဇဝနဒီပရပ်ကွက်၊**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း–၀၉–၄၄၄၀၃၇၃၄၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြိတ်လမ်း၊ မြေကွက်အမှတ်(၈၁၈/က)၊ ဧရိယာ(၂၀.၅ပေx၆၀ပေ)ရှိ ဦးတင်ရွှေ (KTN–၀၆၁၃၃၅) အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးမျိုးအောင်[၁၂/ဗဟန(နိုင်)၀၃၃၆၈၁]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြသိင်္ဂီအေး[၁၂/ဒဂတ(နိုင်)၀၅၅၀၆၇]က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၁၄)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးသက်ပိုင်ကို (LL.B) | ဦးမင်းခန့်ကျော် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၆၂) | အထက်တန်းရှေ့နေ(စဉ်–၅၅၈၁၉) |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၆၀၈၅၉၄၊ ၀၉–၄၀၄၀၈၀၄၃၉**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြရတနာလမ်း၊ မြေကွက်အမှတ်(၅၅၃)ဟုခေါ်တွင်သော ဦးအောင်နေမျိုး အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအကျယ်(၄၅ x ၆၀)ပေ၊ ဧရိယာ(၀. ၀၆၂)ဧက၊ (၂၇၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်ဝင်းလှိုင် [၁၂/မရက(နိုင်)၁၅၄၇၄၄]မှ အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဇော်လင်း [၁၁/ကတန(နိုင်)၀၇၈၅၁၅]ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ –**
**ဦးနေဇော်လင်း**

**ညွှန်ကြားချက်အရ –**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)**
**အမှတ်(၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးလွင်ကျော် (ဘ)ဦးကျော်တင့် [၇/ပတတ(နိုင်)၁၁၂၅၄၁]ကိုင်ဆောင်သူနှင့် ဒေါ်သိမ့်နန္ဒာစိုး (ဘ)ဦးအောင်နိုင်[၁၂/အစန(နိုင်)၂၄၈၄၈၂]ကိုင်ဆောင်သူတို့သည် (၂၀၁၆)ခုနှစ်က အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိဘဲ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သောကြောင့်(၂၆–၆–၂၀၂၅)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ ပြုလုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သောကြောင့် နောက်နောင် တစ်ဦးနှင့်တစ်ဦး တစ်စုံတစ်ရာ ဝင်ရောက်စွတ်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလွင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းယုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်တရားရုံးရှေ့။ Ph:09–255779105**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဆွေ[၇/လပတ(နိုင်)၁၀၈၅၁၃]ကိုင်ဆောင်သူ အမှတ် (၃၆)၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ်(၁၀၈)ဟုခေါ်တွင်သည့် (အလျား၇၀ပေxအနံ၂၆ပေ)အကျယ်မြေကွက်ပေါ်တွင် နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့် အဆောက်အဦဆောက်လုပ်ခဲ့ရာ လုပ်ငန်းလက်ခံသူဘက်က ရရှိသောအဆောက်အဦ၏ ဒါဘာ Hall တစ်ခုလုံးကို ရောင်းချမည်ဖြစ်ပါသည်။ ထိုသို့ရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ချက်ကျော်လွန်ပါက ရောင်းချခြင်းကို ပြီးမြောက်အောင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးမောင်ကြီး | ဒေါ်ခင်သူဇာဝင်း | ဦးရွှေ |
|---|---|---|
| (စဉ်–၁၇၇၇) | (စဉ်–၅၂၅၈၀) | (စဉ်–၅၅၉၃၈) |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁၈–၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ (StarCity) ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(City Villas–97)၊ ဧရိယာ (၀.၀၅၅၈ဧက)ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစည်သူဌေး(ခ)ဦးဇော်သူအောင် [၇/ပတန(နိုင်) ၀၀၀၅၉၈]၊ ဒေါ်ခင်စောဝင်း [၁၂/ဒဂန(နိုင်)၀၁၇၃၆၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, D.B.L, D.I.L, D.M.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–450023651, 09–793568375**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဏ/၁၄ ရပ်ကွက်၊ မြေတိုင်း (၄၀)၊ မဟာဗန္ဓုလလမ်းမကြီး၊ အိမ်အမှတ် (၈၁၆/က) (ပေ ၂၀x ပေ ၆၀) အကျယ်အဝန်းရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်လွင် [၁၂/မဂတ(နိုင်)၀၀၃၀၄၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မိုးမိုးဆန်း [၁၄/မမက(နိုင်)၁၁၃၄၃၄] မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် ယင်းအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်လင်းထွေး ( LL.B )**
**အထက်တန်းရှေ့နေ (စဉ် – ၃၈၂၃၈)**
**ရုံး – ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း – ၀၉ –၄၂၀၁၀၇၅၈၄**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် – ၄၇

**ကွယ်လွန်သူ ဒေါ်တင်နွယ်အေး ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် (၁၁)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်နွယ်အေး၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးလင်းထက်အောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်နွယ်အေး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ– ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးလင်းထက်အောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၆၂

ဦးသန်းလှ နှင့် ဒေါ်သောင်းသောင်းဝင်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ်– ၇၈၆ နေ ဒေါ်သောင်းသောင်းဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက“အရောင်းအဝယ် ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် ( ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ဖြိုးအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမြဦး၏ သား ကျွန်တော် မောင်နေရဲ [၁၂/ဒဂမ (နိုင်) ၀၁၅၆၂၀]သည် ၂၃–၆–၂၀၁၇ မှ ၆–၄–၂၀၁၈အထိ သင်္ဘောလိုက်ထားသော Sea Service (Testimonial) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၅၁၈၃၂၄၀၆**

## “အများသိစေရန်”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၂)လမ်း၊ အမှတ်(၆၅၃/ခ)နေ ဦးဟန်ထွန်းနှင့် ဒေါ်စန်းစန်းမြင့်တို့တွင် ကိုမျိုးခင်၊ ကိုသက်ထွန်း၊ ကိုမင်းဆန်း၊ မပွင့်ရည်ချို သားသမီး (၄)ဦး ထွန်းကားခဲ့ပါသည်။ မိခင် ဒေါ်စန်းစန်းမြင့်သည် ၁၂–၄–၂၀၁၄ ရက်နေ့က ကွယ်လွန်သွားပြီး ဗမာ၊ ဗုဒ္ဓဘာသာ ကိုးကွယ်သည့် ကျွန်ုပ်မိတ်ဆွေ မိသားစုတွင် ဖခင်နှင့် မောင်နှမ (၄)ဦး ကျန်ရစ်ခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုမျိုးခင်၊ ကိုသက်ထွန်း၊ မပွင့်ရည်ချိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်နိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၃၅၈)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ ၃၉ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် တိုးချဲ့ (၃)ရပ်ကွက်၊ (၇)လမ်း၊ မြေကွက်အမှတ်– ၃/၂၄၃ ပေါ်တွင် နေထိုင်သော အမည်ပေါက် ပိုင်ရှင် ဦးစိန်ဌေး [၁၂/မဂဒ(နိုင်)၀၇၅၇၀၆] ကိုင်ဆောင်သူမှ လွန်ခဲ့သောနှစ်အနည်းငယ်က မြေကွက်ပိုင်ဆိုင်မှုပါမစ်အား ဦးအောင်ဆန်းဝင်း [၁၁/ ဘသတ(နိုင်)၀၁၇၂၁၆] ကိုင်ဆောင်သူထံ ငွေပေးငွေယူကိစ္စပြုလုပ်စဉ် ပါမစ်မူရင်းအား အပ်နှံထားခဲ့ပါသည်။ ယခုအခါ လက်ဝယ်ပိုင်ဆိုင်သူ ဦးယဉ်ထွေး [၁၂/အစန(နိုင်)၁၁၃၁၅၆]မှ ပါမစ်မူရင်းအား လက်ဝယ်ရရှိထားပြီး ၁၇–၈–၂၀၂၅ ရက်နေ့တွင် အုပ်ချုပ်ရေးမှူးရုံးတွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ် ခဲ့ရာ နှစ်ဦးနှစ်ဖက် သဘောတူသော တန်ဖိုးနှုန်းထားဖြင့် ဦးစိန်ဌေး ပိုင်ဆိုင်သော မြေကွက်ပါမစ်မူရင်းအား ၂၇–၈–၂၀၂၅ ရက်နေ့တွင် မူလပိုင်ရှင်ထံ ပြန်လည် ပေးအပ်မည်ဖြစ်ပါကြောင်း ပါမစ်လက်ဝယ်ထားရှိသူမှ ကတိပြုပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်ပိုင်ဆိုင်မှုပါမစ်နှင့်ပတ်သက်၍ သက်ဆိုင်သူ များမှ မိမိတို့အနေဖြင့် ဦးစိန်ဌေး ပိုင်ဆိုင်သော ပါမစ်မြေ အမည်ပေါက်အား ပတ်သက်ဆက်နွယ်မှုများရှိနေပါက (၇)ရက်အတွင်း အကြောင်းကြားနိုင်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ ဖုန်း –၀၉–၄၅၁၁၂၈၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄)၊ သုနန္ဒာလမ်း၊ မြေကွက်အမှတ် (၂၆၉ ၃/၂) ဟုခေါ်တွင်သော အကျယ် အဝန်း (၂၀x၆၀)ပေရှိ ဦးစိန်ခိုင်(ခ)ဦးရဲဝေ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစောထွန်း [၁၂/ဥကမ(နိုင်)၁၅၉၇၂၅] ကိုင်ဆောင် သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်မှုံ [၇/မလန(နိုင်) ၀၉၀၇၈၈]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်မှုံ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ –၇၇၇၂၉၁၇၇၅၊ ၀၉– ၄၅၄၁၆၃၀၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် –၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀၃

၁။ ဦးဇော်လင်းအောင် နှင့် ဦးထွန်းရွှေ
၂။ ဒေါ်ခင်သန်းဝေ
**(တရားလိုများ)** **(တရားပြိုင်)**

**အမှတ် ( ၁၁၈၃/ခ )၊ တောင်ငူလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နေ ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေ ရမည်။**

ဝယ်ယူထားသော အိမ်ခြံမြေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆို နိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ စွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိ စေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပိုလိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက် တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အင်းစိန်ခရိုင်တရားရုံး**




## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်–ရပ်ကွက်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ တိုက်အမှတ်– ၆၀၊ (၅–ထပ်/၆–လွှာ)၊ (၂၇ ပေx ၆၀ ပေ)ရှိ ဒေါ်စွဲ့ခမ်းနွယ် ပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ “အများသိစေရန် အသိပေးကြေညာခြင်း”

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသည့် **ဒေါ်စွဲ့ခမ်းနွယ် [၁/ပတအ(နိုင်)၀၂၆၆၄၇]**ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ **(၁၄)ရက်**အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား**(မူရင်း)**များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခိုင်ဌေး (LL.B, D.B.L, D.I.L)** | **ဒေါ်ခိုင်ဦးသူ (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၈၅၉)** | **အထက်တန်းရှေ့နေ (စဉ်– ၃၇၉၅၄)** |

**အမှတ်– ၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ **ဦးသန့်ဇင်အောင် [၁၄/မမက(နိုင်)၁၄၃၄၇၃]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ–၁၃)၊ မြေကွက်အမှတ် (၅၇၃–က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ပါမစ်အမည်ပေါက် **ဒေါ်လှည္ဆန့် (I/MHA–၀၄၄၄၅၄)**ထံမှ အရပ်ကတိစာချုပ် အဆက်စပ်များဖြင့် ဝယ်ယူထားသူ **ဒေါ်မြတ်သီရိနွယ် [၁၂/အစန(နိုင်)၁၇၃၉၂၉]**မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လွှဲဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ် မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား(စရန်ငွေ)အဖြစ် **ဒေါ်မြတ်သီရိနွယ်**ထံ ပေးချေထားပြီး ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇–ရက်) အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်အရောင်း အဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ဆုမြတ်အောင်** | **ဒေါ်မြတ်သီရိဇော် LL.B** |
| **(တရားလွှတ်တော်ရှေ့နေ) စဉ်– ၈၄၅၇** | **(အထက်တန်းရှေ့နေ) စဉ်–၅၂၃၃၄** |
| **LL.B, D.B.L, D.I.L, D.IP.L, Dip in Global English** | |
| **PGDCWE, DL–DIP(101,202,302,317) (Switzerland)** | |

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း– ၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သန္တာအောင် [၉/မခန(နိုင်)၁၆၁၇၄၂]** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (ကုန်းဘောင်/၁၁၇) မြေကွက် အမှတ် (၁၃၀) အကျယ်အဝန်း (၇၆ပေx ၉၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် **ဦးဇော်ဝင်း [၇/တငန(နိုင်)၀၀၉၂၁၆]**ထံမှ အရပ်ကတိစာချုပ် အဆက်စပ်များဖြင့် ဝယ်ယူထားသူ **ဒေါ်စန်းစန်းဝင်း [၁၂/သဃက(နိုင်)၀၇၄၁၀၆]**မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လွှဲဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား(စရန်ငွေ)အဖြစ် **ဒေါ်စန်းစန်းဝင်း**ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇– ရက်)အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဆုမြတ်အောင်** | **ဒေါ်မြတ်သီရိဇော် LL.B** |
| **(တရားလွှတ်တော်ရှေ့နေ) စဉ်– ၈၄၅၇** | **(အထက်တန်းရှေ့နေ) စဉ်– ၅၂၃၃၄** |
| **LL.B, D.B.L, D.I.L, D.IP.L, Dip in Global English** | |
| **PGDCWE, DL–DIP(101,202,302,317) (Switzerland)** | |

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း– ၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၃)၊ နယ်မြေ(၈)၊ ကြာညိုလမ်း၊ အမှတ်(ဂ/၈/၂၉)နေ ဦးကျော်ထွဋ် (ခ) ကွမ်ပီဆင်း [၁၃/လရန(နိုင်)ဂ၉၈၂၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၇၀/ခ)နေ ဒေါ်မြင့်မြင့်သိန်း[၁၂/အစန(နိုင်)ဂ၄၄၉၃၈]မှ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ နယ်မြေ(၁၂)၊ ရပ်ကွက် (၁၂) ဘောလုံးကွင်းအနီး လားရှိုး-မူဆယ်လမ်းမပေါ်ရှိ မောစတားဟိုတယ်အား ဦးကျော်ထွဋ် (ခ) ကွမ်ပီဆင်း အမည်ပေါက်(နှစ် ၆၀+၁၀) သက်တမ်းရှိ မြေငှားဂရန်ရရှိအောင် တာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်အောင် ပြောဆိုပြီး (၉-၅-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူလုပ်ငန်း ယုံကြည်အပ်နှံခြင်းနှင့် လုပ်ငန်းအတွက် ကြိုတင်ငွေပေးချေခြင်း ကတိစာချုပ်ကို ဦးကျော်ထွဋ် (ခ) ကွမ်ပီဆင်းရှိရာ နေပြည်တော်သို့ လာရောက်ချုပ်ဆိုကာ လုပ်ငန်းအတွက် ကြိုတင်ငွေကျပ်သိန်း(၂၀၀၀)ကို သက်သေများရှေ့တွင် လက်ခံရယူခဲ့သည်ဟု သိရပါသည်။

အဆိုပါကြိုတင်ငွေများကို လက်ခံရယူစဉ်အချိန်က ဒေါ်မြင့်မြင့်သိန်းသည် (၃)လတာ ကာလအတွင်း ငွေသွင်းချလန်ရရှိသည်အထိ ဆောင်ရွက်ပေးမည် ယုံကြည်စိတ်ချပါဟု ကတိအကြိမ်ကြိမ်ပေးကာ လက်ခံရယူသွားခဲ့သော်လည်း (၃)လပြည့်သည့်တိုင်အောင် အမည်ပေါက်ဂရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာဆက်သွယ်ပြောကြားခဲ့ခြင်း မရှိပါ။ ဦးကျော်ထွဋ် (ခ) ကွမ်ပီဆင်းမှ ဖုန်း ဖြင့်အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းသော်လည်း ဖုန်းမကိုင်သည့်အပြင် ပြန်လည်အကြောင်းကြားပြောဆိုခဲ့ခြင်း မရှိပါ။ ဦးကျော်ထွဋ် (ခ) ကွမ်ပီဆင်းက ဒေါ်မြင့်မြင့်သိန်းနှင့် တွေ့ဆုံရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း အတွေ့မခံဘဲ ရှောင်တိမ်း နေခဲ့ပါသည်။

သို့ပါ၍ ဦးကျော်ထွဋ် (ခ) ကွမ်ပီဆင်း၏ အမည်ပေါက်ဂရန် ရရှိရေးအတွက် (၉-၅-၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူ လုပ်ငန်းယုံကြည်အပ်နှံခြင်းနှင့် လုပ်ငန်းအတွက် ကြိုတင်ငွေပေးချေခြင်း ကတိစာချုပ်ပါ ကတိအတိုင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါက ပေးအပ်ထားသောကြိုတင်ငွေ ကျပ်သိန်း(၂၀၀၀)ကို ယနေ့မှစ၍ (၁၄)ရက် အတွင်း ဦးကျော်ထွဋ် (ခ) ကွမ်ပီဆင်းထံသို့ ပြန်လည်ပေးအပ်ပါရန် အကြောင်းကြား တောင်းဆိုအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုဆောင်ရွက်သွားမည့် အပြင် ဦးကျော်ထွဋ် (ခ)ကွမ်ပီဆင်း၏ ဆုံးရှုံးနစ်နာမှုများကိုပါ တရားစွဲဆို တောင်းခံသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြသန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ( စဉ်- ၈၀၉၇)**
**အမှတ်(၆၅၇)၊ နွယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉- ၇၉၂၄၀၃၉၇၊ ၀၉- ၄၀၃၆၅၉၁၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၁၂၅)ရပ်ကွက်၊ အမှတ် (၂၄၆)၊ ပေ(၄၀x၆၀) ကျယ်ဝန်းသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စန္ဒာဝင်း [၈/ခမန(နိုင်)ဂ၉၅၂၄၄]က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ရွှေစင် [၈/ခမန(နိုင်)၁၈၂၂၀၀]ထံ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အခါ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေစင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမျိုးသစ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၂၇၈၇) (၂၇-၄-၂၀၂၀)**
**အမှတ်(၄၂)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ 09-781386571**

## "သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် (၅၀၀/ခ)နေ ဒေါ်သီသီစိန် [၁၂/ဗဟန(နိုင်)၀၁၇၂၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ (ဦးထွန်းထွန်းဦး)နှင့် ဒေါ်သီသီစိန်တို့၏ သားဖြစ်သူ မောင်မင်းမင်းထွန်း[၁၂/လသယ(နိုင်)ဂ၆၅၃၃၉]ကိုင်ဆောင်သူသည် မိဘ၏ ဆိုဆုံးမမှုများအပေါ် နာခံခြင်း၊ လိုက်နာခြင်းမရှိဘဲ မိဘအား ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများနှင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်မင်းမင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်စိုးမင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၃၀၅၇၅)**
**အမှတ်- ၆၂၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ၀၉ - ၇၉၅၄၅၁၁၁၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၁၉)၊ ကွင်း အမည်- ဖလေးမြောက်၊ ဦးပိုင်အမှတ်(၁၅/၁၇)၊ အရှေ့ကွက်သစ်ရပ်ကွက်၊ ဝင်းစုရီလမ်း၊ အမှတ် (၇၁၇)၊ မြေဧရိယာ အကျယ်အဝန်း (၅၀x၁၀၀)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်တင်မေ(ခ)ဒေါ်တင်စီ (ဘ)ဦးတွတ်[၉/အမရ(နိုင်)ဂဂ၅၉ဂ၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ဥပဒေအရ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဆွေဦး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်- ၁၄၇၄၅)**
**အမှတ်(၅/၂၁)၊ ဇရပ်ကွင်းကျေးရွာ၊ လှည်းကူးမြို့နယ်။**
**ဖုန်း - ၀၉- ၄၃၁၁၃၉၀၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သကမ-၄၊ မကွေးလမ်း၊ မြေကွက်အမှတ်-၄၂၁/က၊ ၄၂၁/ခ၊ ၄၂၂/က၊ အကျယ်အဝန်း (၆၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးသန်းအေး [၁၂/မဂတ(နိုင်)ဂ၅၃ဂ၈ဂ]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေမြူ [၁၂/ဗဟန(နိုင်)ဂ၁၆၆၇၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝေမြူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် (LLB, D.I.L, D.B.L, Dip in HR)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၅၀)**
**အမှတ်- ၃၄/၄၉၊ အခန်း(၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း**
**(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ)ရပ်ကွက်၊ ခေမာ ၆ လမ်း၊ အမှတ်- ၄ဂ၈ နေ ဦးအေးလွင် [၁၂/ဥကမ(နိုင်)၂၁၂၇၆၄]နှင့် ဒေါ်သူဇာအေးကို [၁၂/ဥကမ(နိုင်)၁၆၇၉၃၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးအေးလွင်နှင့် ဒေါ်သူဇာအေးကိုတို့၏ သမီးဖြစ်သူ မစိုးပြေဖူး [၁၂/ဥကမ(နိုင်)၂၇၀၇၉၂]သည် လွန်ခဲ့သော (၅)နှစ်ခန့်မှစ၍ မိဘဆွေမျိုးသားချင်းများနှင့် အတူမနေထိုင်တော့ဘဲ နေအိမ်ပြင်ပတွင်ယနေ့အချိန်ထိ နေထိုင်လျက်ရှိကြောင်း၊ မစိုးပြေဖူး၏ ငွေကြေးအရှုပ်အရှင်းများကို ဖြေရှင်းပေးခဲ့ရသည့်အပြင် ယခု နောက်ပိုင်းတွင် မိဘများခွင့်မလွှတ်နိုင်သောလုပ်ရပ်များ ပြုလုပ်နေကြောင်း ကြားသိရသဖြင့် မိဘများအနေဖြင့် သွန်သင်ဆုံးမ တားမြစ်ပြောဆိုခြင်းကို မနာခံဘဲ မိဘ(၂)ပါး၏ ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာဆင်းရဲအောင် ဆက်လက်ပြုမူနေထိုင်လျက်ရှိသည့်အတွက် သမီးဖြစ်သူ၏ ဆိုးကျိုးများကို ဆက်လက်သည်းခံနိုင်စွမ်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မစိုးပြေဖူး၏ ဆောင်ရွက်သမျှကိစ္စအရပ်ရပ်သည် မိဘ(၂)ပါးနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိဘဲ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအေးလွင် +** | **ဒေါ်စန်းစိမ့်စိမ့်ဖြိုး (LL.B, LL.M, D.A.Psy)** |
| **ဒေါ်သူဇာအေးကို** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၀၈၁၃/၂၀၁၆)** |
| | **အမှတ်(၇၂၄)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့။** |

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င/၁၂၊ လူနေရပ်ကွက်အမှတ်-၄၊ နှင်းဆီ(၄)လမ်း၊ မြေကွက်အမှတ်-၇၂၊ အကျယ်ပေ (၆၀x၆၀)ရှိ ဒေါ်စုမြတ်ထက် အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော အုတ်တံတိုင်းကာရံထားသည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်စုမြတ်ထက် [၉/ညဥန(နိုင်)၁၆၆၉၇၁]မှ ရောင်းချရန်ကမ်းလှမ်းမှုအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထွန်းဇော်မင်းမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးထွန်းဇော်မင်း** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/တကန(နိုင်)၁၂၇၄၅၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၆၅၂)** |
| **အမှတ်-၄၂(အေ)၊ သီရိမင်္ဂလာ** | **အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၂)လမ်း၊ (၄)ရပ်ကွက်၊** | **(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ကမာရွတ်မြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ သံသုမာ(၃)လမ်း၊ အမှတ်(၂၁၂/ခ)၊ သကမ (၁၅) အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းမြင့် [၁၂/အစန(နိုင်)ဂ၂၁၉၇၇]အမည်ဖြင့် မှတ်သားတည်ရှိသည့်ပါမစ်မြေဖြစ်ပြီး ဒေါ်သန်းသန်းမြင့်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဦးဝေယံမျိုး [၁၄/ဟသတ(နိုင်)၂၆၃၁၃၁]နှင့် ဒေါ်မေသဇင်ဖူး [၁၄/မအန(နိုင်) ၁၈၈၇၈၈]တို့က ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းရီ [၁၂/မရက (နိုင်)ဂ၂၁ဂဂ၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၁၇-၈-၂၀၂၅)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သွယ်သွယ်စိုး** | **ဒေါ်စန္ဒာအေး** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၃၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၅၅)** |

**အမှတ်(၉/၁၁)၊ အခန်းအမှတ်-၀၀၄(မြေညီ)၊ ၃၆ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၅၃၀၄၂၀၂၊ ၀၉-၄၅၅၃၀၅၆၉၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၁၀၈၈)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဒေါ်သန်းသန်းအေး [၁၂/အစန(နိုင်)၁၂၇၃၁၃]**အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း **ဒေါ်ချိုချိုဝင်း [၁၁/ကဖန(နိုင်)၀၈၉၀၇၀]**နှင့် **ဒေါ်ခင်ဖြိုးဖြိုးထွန်း [၁၁/ကဖန(နိုင်)၀၈၉၆၄၉]**တို့က ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၃၆၅)**
**အမှတ်- ၃၈၈၊ အေးမြသာယာလမ်း၊ ၃၂- ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၄၃၂၁၈၀၁၃၊ ၀၉- ၇၈၆၃၁၇၂၈၀**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြင့်ဝင်း၏ သား မောင်ဇင်ဝင်းထွေး [၁၂/သလန(နိုင်) ၁၇၂၁၀၅]၏ နိုင်ငံကူးလက်မှတ်နံပါတ် (ME-386017) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-766654494**

## အမည်ပြောင်းလဲခေါ်ပါရန်

ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ချယ်ရီရိပ် (ပညာ့ရိပ်မွန်) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းဇော်၏သား မောင်အောင်မြတ်မင်းအား ယနေ့မှစ၍ မောင်စွမ်းလင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ တိုက်အမှတ် (၁၂၉)၊ အခန်းအမှတ် (၂၀၁)၊ (၃)လွှာ၊ (၁၂.၅' x ၅၀') ကျယ်ဝန်းသော တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအား အမွေဆက်ခံပိုင်ခွင့်အရ ပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသော ဒေါ်တင်ဝင်း [၁၂/သဃက(နိုင်)၁၂၀၅၄၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်စန်း [၁၂/ကမရ(နိုင်)ဂ၆၃၇၂ဂ]က ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ပြီး ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၃၄၀၃/၈၅)**
**တိုက်(၁၄၁)၊ အခန်း(၁၀၁)၊ အောင်ချမ်းသာလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊**
**(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၁၆၇၈၂**

## တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၅)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇင်ဝင်း [၁၂/ဥကတ(နိုင်)၁၃၉၃၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇင်ဝင်း[၁၂/ဥကတ(နိုင်)၁၃၉၃၈၃]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၅)နေ(အဖ)ဦးသံချောင်း၏သား ဦးလှမျိုးအောင်[၁၂/ဥကတ(နိုင်)၁၃၇၄၃၁]တို့သည်(၃၁-၅-၂၀၀၂)ရက်နေ့မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ထိမ်းမြားပေါင်းသင်းခဲ့ရာ သား မောင်နန္ဒမျိုးအောင်ကို မွေးဖွားခဲ့ပြီး ယနေ့ထိတိုင် ကွာရှင်းပြတ်စဲခြင်းမရှိဘဲ အတူတကွ ပေါင်းသင်းနေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇင်ဝင်းနှင့် ခင်ပွန်းဖြစ်သူ ဦးလှမျိုးအောင် တို့သည် အတူတကွ ပေါင်းသင်းနေထိုင်လျက်ရှိသည့်အလျောက် ဒေါ်ခိုင်သဇင်ဝင်းသည်သာလျှင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ဦးလှမျိုးအောင်၏ လူမှုရေးကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇင်ဝင်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သဇင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်မြင့် ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၈၃) (၂၈-၆-၁၉၉၁)**
**အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ၀၉-၄၃၀၃၂၁၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ သောက်တော်တွင်းလမ်း၊ အကွက်အမှတ်(၇)၊ အညာစုကွက်၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ (၀.၀၅၂)ဧကရှိ မောင်ဘိုးဟိန်း အမည်ပေါက် မြေကွက်ကြီးအတွင်းမှ အမှတ်(၃၇) ဟုခေါ်တွင်သော မြေဧရိယာ (၀.၀၃၅)ရှိ မြေနှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိချုပ်ဖြင့် ဝယ်ယူကာလက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးစိုင်းမျိုးနိုင်[၁၃/မဆတ(နိုင်)၀၀၆၉၅၀]နှင့် ဒေါ်ဥမ္မာတင့် [၁၂/ဗဟန(နိုင်)၀၀၄၈၁၄]တို့က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ပြန်လည်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်လင်း [၁၂/သလန(နိုင်) ဂ၉၇၇၅၉]က ပြန်လည်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ၎င်းတို့အား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်သန္တာစိုး ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၄၀၀)**
**အမှတ်(၂/၈၄)၊ ပါရမီ ၃ လမ်း၊ ဗိုလ်ချုပ်အရှေ့ပိုင်း၊ သန်လျင်မြို့။**
**ဖုန်း -၀၉-၄၂၀၃၀၀၈၇၀၊ ၀၉- ၇၉၆၂၇၇၀၀၈**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မြခဲကျေးရွာအုပ်စု၊ မြခဲရွာ၊ မြခဲရွာပင်လမ်းမပေါ် မြေကွက်အမှတ်-(၄၅) ဟုခေါ်တွင်သော (၃၀x၆၀)ပေ အကျယ်အဝန်းရှိ ရွာမြေအမျိုးအစား အိမ်ခြံမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂၅x၅၀)ပေရှိ သစ်သားအိမ်အဆောက်အဦ (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဒေါ်တင်တင်ဝင်း (ဘ) ဦးအောင်ထွန်း (TBN-ဂ၆ဂ၈၃ဂ)က မိမိသာတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ အိမ်ခြံမြေအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြပွင့်သူ(LL.B) အထက်တန်းရှေ့နေ (စဉ်- ၅၂၃၃၁)**
**အမှတ်- ၂၄၊ ပထမထပ်၊ မကြီးကြီးလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၁၄၅၇၂၉၊ ၀၉-၆၇၈၀၈၃၅၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်အိုင်ကျေးရွာ၊ အမှတ်(၄၀)နေ (ဘ) ဦးသိန်းလွင်၏ သမီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ဇလန(နိုင်) ၁၉၅၇၂၉] ကိုင်ဆောင်သူ မအိသက်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မအိသက်မွန်သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၃၀/B၊ ကုန်းတလပေါင်ရွှေစေတီလမ်း၊ အမှတ်(၁၀၂) ဟုခေါ်တွင်သော မြေအကျယ် (၂၀၀'x၁၉၅') အနက်မှ မြေကွက်အမှတ် - ၁၃၊ မြေအကျယ် (၂၀' x ၆၀')အား ဦးထွန်းထွန်းနိုင် [၁၁/မဥန(နိုင်)ဂ၄၂၃၅၁] ကိုင်ဆောင်သူထံမှ (၈ - ၈ -၂၀၂၅) ရက်နေ့တွင် ငွေကျပ်သိန်း ၄၂၀၀၀၀၀/- (ကျပ်သိန်းလေးရာနှစ်ဆယ်တိတိ)ဖြင့် အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးနောက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ (၅-၁၀-၂၀၂၅) ရက်နေ့တွင် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ မအိသက်မွန်ထံသို့ ဖြစ်စေ၊ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမင်းသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၅၂)**
**အမှတ်- ၂/၂၇၅(ခ)၊ မင်းရဲကျော်စွာလမ်းမ၊ (၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

( င ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူ ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 46(T)/DPTSC(PTP)/ 2025-2026 | ၅၀၀ကေဗွီ တောင်ငူ(စပါးကြွယ်) ပင်မဓာတ်အားခွဲရုံတွင် (၁၂၀'x၅၀') Steel Structure (၁၆"x၈" I-Beam)RC Open Shed (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်။ |
| ခ | 47(T)/DPTSC(PSD)/ 2025-2026 | Communication Equipment and Accessories များအတွက် အသုံးပြုမည့် Optical Terminal Equipment (SDH) and Accessories များ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ( ၁ - ၉ - ၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal **(www.moep.gov.mm)** တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ(မ)-၂၆ ၊ မြေကွက်အမှတ်- ၁၂၈၉၊ လူနေရပ်ကွက်-ရွှေလင်ပန်း၊ ရွှေကံ့ကော်လမ်း၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ အကျယ်အဝန်း(၂၀ x ၆၀) ပေခြေရင်းခြမ်းကို ဦးကျော်ထွေး [၁၂/လသယ(နိုင်)၀၀၈၃၂၈] အမည်ပေါက် ပါမစ်မြေကွက်(မူရင်း)နှင့် ယင်းမြေကွက်ပေါ်ရှိ RC (၁)ထပ်တိုက်တစ်လုံးအပါအဝင် ယင်းတွင်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဇော်မင်း [၁၄/မအန(နိုင်)၁၆၅၀၈၆]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ရှင်ဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမင်းထိုက်ကျော် [၁၂/လယရ(နိုင်) ၀၀၂၇၆၆] သည်အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းထိုက်ကျော် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးလွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၆၈)**
**အမှတ်(၇၂၀/က)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက် လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၇၂၆၂၂၉၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(တ-၄၃)၊ အရပ်ခေါ်(ထ-၁၆) လူနေရပ်ကွက်၊ သီတာ(၄)လမ်း၊ အမှတ်(၇၈၁)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား-၄၀ပေ x အနံ-၆၀ပေ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးစန်းကြိုင်(ဘ)ဦးပြူး [၁၂/အစန(နိုင်)၀၉၀၄၆၉](စဉ်-၃၆၂/၁၇-၃-၉၉) မြေချပါမစ် အမည်ပေါက်မြေကွက် မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား-၂၀ ပေ x အနံ-၆၀ ပေ) (ခေါင်းရင်းဘက်ခြမ်း)ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မင်းထွန်း (ဘ)ဦးတင်မောင်လင်း [၅/ရဥန(နိုင်)၁၂၄၄၃၁]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက် မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း(LL.B,PGDB) အထက်တန်းရှေ့နေ(စဉ်-၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၃၈၈၀၂၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ လူနေရပ်ကွက် အမှတ်(၁၁၅၄)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျားပေ-၄၀ x အနံပေ-၆၀) ရန်ကုန်မြို့တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုး ရေးဦးစီးဌာနမြို့မြေစာရင်းတွင် ဒေါ်အမ်ဆိုင်းခွန် (ဘ)ဦးမဂျီခါး [၇/ပခန(နိုင်)၀၃၅၃၆၈]မြေချပါမစ်အမျိုးအစား(အမှတ်စဉ်-၁၁၄၉/၂၀-၂-၂၀၀၇) အမည်ပေါက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးလှသောင်း (ဘ) ဦးမောင်ထွန်းအေး [၁၁/ဘသတ(နိုင်)၀၀၀၀၀၃] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း (LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊သမာဓိလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၃၈၈၀၂၇၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော စက်သုံးဆီ၊ ဒီဇယ်(ရိုးရိုး)-(၃၄၀၀၀) ဂါလန်နှင့် ဓာတ်ဆီ (92 Ron)-(၃၄၀၀) ဂါလန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - (၂၀-၈-၂၀၂၅) ရက်နေ့မှ (၁-၉-၂၀၂၅) ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် -(၂-၉-၂၀၂၅)ရက်နေ့၊ (၁၃:၀၀)နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀၊ ၀၆၇-၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁) ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ်-၉၃၂ ဟုခေါ်တွင်သော ပါမစ်မူရင်း မြေတစ်ကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မှတ်ပုံတင်စာရင်းအမှတ်-၄၈၅ မြေချနေ့စွဲ (၂၃-၉-၁၉၉၇) ဖြင့် ဦးမြသန်း(၁) (ဘ) ဦးထွန်အိCI 042098 [၁၂/သကတ(နိုင်)၀၁၇၈၆၉] အမည်ပေါက်ပိုင်ဆိုင်သည့် (အလျား၄၀ပေ x အနံ၆၀ပေ) ရှိ ပါမစ်မူရင်း မြေကွက်တစ်ကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူရင်းပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ လက်ဝယ် ထားရှိပိုင်ဆိုင်ထားသူ ဒေါ်နီနီချမ်းမြေ့[၁၂/ဒဂရ(နိုင်) ၀၁၀၂၇၆] ကိုင်ဆောင်သူမှ အပေါင်အနှံ၊အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူသူဌေး LL.B, LL.M, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၂၅)**
**အမှတ် ၂၈၂၊ ဗိုလ်ဆွန်ပတ်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၁၀၅၈၁၂၉၊ ၀၉-၇၈၉၀၁၆၀၄၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၇-ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၂၇)ဧက၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရောဝဏ်အပြင်လမ်း၊ အမှတ် (၁၇-ခ)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဦးခင်မောင်ညွှန့် (AMA-၀၉၅၅၂၀) အမည်ဖြင့် မှတ်သားထားရှိပါသည်။ အမည်ပေါက်သူ ဦးခင်မောင်ညွှန့်သည် (၁၂-၁-၂၀၂၁) ခုနှစ်တွင် ကွယ်လွန်သွားသည့်အတွက် ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အေး[၁၂/သကတ(နိုင်)၁၀၇၉၇၉]မှ မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့် အညီအမွေဆက်ခံပိုင်ဆိုင်လာခြင်း ဖြစ်ပါသည်။ အထက်ဖော်ပြပါပစ္စည်းအား ဒေါ်ကြည်ကြည်အေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ/ယခုရောင်းချသူ ဒေါ်ထက်ထက်ဝင့်နိုင် [၁၀/ခဆန(နိုင်)၁၂၇၂၇၂]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေများက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ပါးပါးနီ (LL.B., D.B.L)** | **ဒေါ်ခင်မာချို (LL.B., D.I.P.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)** | **တရားလွှတ်တော်ရှေ့နေ( စဉ်-၁၇၇၇၀ )** |

**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၇၊ မြေကွက်အမှတ် ၄၈၀၊ အတိုင်းအတာ (၄၀' x ၆၀') မြေကွက်တည်နေရာ အမှတ်(၄၈၀)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးခင်မောင်လင်း [၁၂/လမတ(နိုင်)၀၂၂၃၄၆] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရွှေပြည်သာမြို့မရဲစခန်းထောက်ခံချက်၊ အမှတ်(၁၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ပိုင်ဆိုင်မှု ပါမစ်ပျောက်ဆုံးမှု မှန်ကန်ပါသဖြင့် သက်ဆိုင်ရာ အထောက်အထား ပြည့်စုံစွာဖြင့် ဂရန်သစ်လျှောက်ထားသော မြေကွက်တွင် တစ်ထပ်သွပ်မိုးပျဉ်ကာ အိမ်ပျက်(၁)လုံး ဆောက်လုပ်ထားရှိသည်မှာ မှန်ကန်ပြီး အဆိုပါ လျှောက်ထားမြေကွက်နှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် လိမ်လည်မှားယွင်း လျှောက်ထားခြင်းဖြစ်ပေါ်လာပါက မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးခင်မောင်လင်း ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ပါမစ် မူရင်းသည် အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့ကြောင်း၊ မြေချပါမစ်မူရင်းအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့မရှိပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် မြေကွက်ပါမစ် ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း မင်္ဂလာဒုံခရိုင်တရားရုံးတွင် ကျမ်းကျိန်မှတ်ပုံတင်အမှတ် ၁၇၉/၂၀၂၃ (၂၃-၂-၂၀၂၃)ဖြင့် ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာတို့ တင်ပြပြီး ပါမစ်မူရင်းတင်ပြနိုင်ခြင်း မရှိဘဲ အမည်ပေါက်ကိုယ်တိုင်မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၅၆ )၊ မြေကွက်အမှတ် ( ၇၉၆ )၊ မြေအမျိုးအစား - နှစ် (၆၀) ဂရန်မြေ၊ အကျယ် (၄၀'x ၆၀')အနက် တရားဝင်မခွဲစိတ်ရ သေးသောမြေ၏ ( မြေကွက်အမှတ် (၇၉၅) နှင့်ကပ်လျက်ဘက်ခြမ်း )၊ အကျယ် (၂၀' x ၆၀') မြေအစိတ်အပိုင်းအပါအဝင် ယင်းမြေပေါ်ရှိ အမှတ် (၇၉၆)၊ မင်းရဲကျော်စွာ ( ၃ ) လမ်း၊ ၁၅၆ - ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်တင်တင်မြင့် [၁၂/လသန(နိုင်)၀၁၁၂၃၃] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဦးမင်းသူကျော် [၁၂/ဒဂမ(နိုင်)၀၃၁၆၅၈]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ( ၇ ) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၅ )**
**အမှတ် ( ၅၀ )၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၀၃၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဗညားဒလ)၊ မြေကွက်အမှတ် (၁၂၅၆)၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၁၂၅၆၊ ဗိုလ်ချုပ်လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးတင်စောသန်း (BSNW - ၁၉၆၅၉၅) [ ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၄၆၈/၂၃(၁၂-၉-၂၀၂၃)ရရှိသူ ဦးအောင်နိုင် [၁၂/ဗဟန(နိုင်)၀၇၅၅၁၃]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၈၇၆၅ )**
**အမှတ် (၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၀၃၈၄၅**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစု၊ ရွှေဘိုလမ်းသွယ်၊ အမှတ်(၃၂၈)နေ ဦးကျော်သူဝင်း (၇/သဝတ(နိုင်)၀၉၀၈၄၆)နှင့် ဒေါ်မေသဥ္ဇာမွန်(၇/သဝတ(နိုင်)၁၀၄၈၂၉)ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်သူဝင်းနှင့် ဒေါ်မေသဥ္ဇာမွန်တို့သည် (၇-၆-၂၀၁၂)ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းလာခဲ့ကြပါသည်။ ယခုအခါတစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို (၁၁-၈-၂၀၂၅)ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးချုပ်ဆို၍ နှစ်ဦးသဘောတူ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်သူဝင်းနှင့် ဒေါ်မေသဥ္ဇာမွန်တို့သည် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် ငွေကြေးကိစ္စအဝဝ အပါအဝင် မည်သည့်အရှုပ်အရှင်းကိစ္စ တစ်စုံတစ်ရာကိုမျှ တစ်ဦးနှင့်တစ်ဦး လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်မိုးမိုးနိုင်(LL.B) | ဒေါ်ရွှေစင်မောင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၂၇) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၀၄) |

အမှတ်(၃၀)၊ တတိယထပ်(ခြေရင်း)၊ မာလာမြိုင်(၄)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၉၆၅၃၅၃၇၇၃၆၊ ၀၉၇၉၅၉၆၆၉၀၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်(ည)၊သုနန္ဒာလမ်း၊မြေကွက်အမှတ်(၁၂၁၅/ခ)၊အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိ ဒေါ်စိန်မြိုင်(BN-၀၃၆၉၀၉)အမည်ပေါက်နှစ် ၆၀ ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအားတရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဌေး၊ဒေါ်သန်းသန်းအေး(ခ)ဒေါ်သီရိစိုး၊ ဒေါ်ခင်စန်းထွေး၊ဒေါ်တင်တင်နွယ်(၁၂/ဥကမ(နိုင်)၀၆၉၀၅၇)ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၆)၊အေးရိပ်ငြိမ်(၂)လမ်း၊ မြေကွက်အမှတ်(၃၁၈)၊အကျယ်အဝန်း(၀. ၀၅၅ဧက)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်များအားအမည်ပေါက်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးညီညီစိုး(၁၂/ဥကတ(နိုင်)၁၀၃၅၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်ရောင်းဘိုးငွေ၏ တစိတ်တဒေသကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း) များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်း အဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်(၈-၁၁/ကမာရွတ်)၊လူနေရပ်ကွက်(မြကန်သာ အိမ်ရာ)၊မြေကွက်အမှတ်(၆၀)၊မြကန်သာ(၂)လမ်း၊အကျယ်အဝန်း(၀. ၂၀၃ဧက)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအားအမည်ပေါက်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဝီခြူး(ခ)ဒေါ်ကြူကြူသင်း(၅/မရန(နိုင်)၀၃၁၂၃၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူ များရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြားတွင်ရှိနေကြောင်း ...

❖ ထို့ကြောင့်နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။




အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မြန်မာအသင်းအား တွေ့ရစဉ်။

## အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ချန်ပီယံဆုနှင့် လွဲချော်

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဩဂုတ် ၁၉ ရက်က ဗီယက်နမ်နိုင်ငံ၌ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဩစတြေးလျအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ချန်ပီယံဆုရယူနိုင်ရေး ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးဖြင့် ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် နောက်ထပ်ကံမကောင်းခဲ့သည့် ဗိုလ်လုပွဲဖြစ်ခဲ့ပြီး ဩစတြေးလျအသင်းကို အရေးနိမ့်ကာ ချန်ပီယံဆုနှင့် ထပ်မံလွဲချော်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၀၇ ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက် ၁၈ နှစ်အကြာတွင် တစ်ကျော့ပြန် ချန်ပီယံဆု မျှော်လင့်ခွင့်ရခဲ့ပြီး အကောင်းဆုံး ကြိုးစားသော်လည်း ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရပြန်သည်။ မြန်မာအသင်းသည် ၂၀၀၇ ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိပြီးနောက် ဗိုလ်လုပွဲသို့ လေးကြိမ်မြောက် တက်ရောက်ခြင်းဖြစ်ပြီး လေးကြိမ်စလုံး ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၅ နှင့် ၂၀၂၅ ခုနှစ်တို့တွင် ဗိုလ်လုပွဲ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

## U12 JUNIOR SOCCER WORLD CHALLENGE 2025 ပြိုင်ပွဲ ပထမနေ့တွင် မြန်မာ ယူ-၁၂ အသင်း တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထား

**ရန်ကုန် ဩဂုတ် ၁၉**

U12 JUNIOR SOCCER WORLD CHALLENGE 2025 ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဩဂုတ် ၁၉ ရက်က ဂျပန်နိုင်ငံ ချီဘာမြို့၌ စတင်ကျင်းပရာ မြန်မာ ယူ-၁၂ အသင်း တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

အုပ်စုပထမနေ့တွင် မြန်မာအသင်းသည် နှစ်ပွဲကစားရပြီး ပထမပွဲတွင် ဂျပန်ကလပ် ဗီဂယ်တာဆန်ဒိုင်း ဂျူနီယာအသင်းနှင့် ဂိုးမရှိသရေကျပြီး ဒုတိယပွဲတွင် ဂျပန်ကလပ် ရှိုနန်ဘယ်မဲလ်အကယ်ဒမီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းပြိုင်ပွဲကို အသက် ၁၂ နှစ်အောက် လူငယ်ဘောလုံးသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် ဘောလုံးပွဲတော်ပုံစံကျင်းပခြင်းဖြစ်ပြီး တစ်နေ့လျှင် နှစ်ပွဲမှ သုံးပွဲအထိ ကစားရခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



မြန်မာ ယူ-၁၂ အသင်းနှင့် ဗီဂယ်တာဆန်ဒိုင်း ဂျူနီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်း

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်း- ဩရိသပြည်နယ်တောင်ပိုင်း) ကမ်းခြေတို့တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိသပြည်နယ်တောင်ပိုင်းကမ်းခြေကို ဂိုလ်ပါပူမြို့အနီးမှ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဖြတ်ကျော်ခဲ့ပြီး ဖြစ်သည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဩရိသပြည်နယ် တောင်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



## KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ထိန်းချုပ်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ » ၁၄